
DENVER PUBLIC SCHOOLS

# မိသားစုများနှင့် ကျောင်းသားများအတွက်

# **လက်စွဲစာအုပ်**




မိသားစုနှင့် အဖွဲ့အစည်း အကူအညီလိုင်း • ၇၂၀-၄၂၃-၃၀၅၄

# Denver Public Schools မှ ကြိုဆိုပါသည်

သင်သည် ကျွန်ုပ်တို့ကျောင်းများအတွက် လူသစ်ဖြစ်စေ၊ (သို့) ကျွန်ုပ်တို့ကျောင်းများတွင်သင်၏မိသားစု အဆက်ဆက်မှတက်ရောက်လာသည် ဖြစ်စေ၊ ကျွန်ုပ်တို့ကျောင်းတံခါးများသည် သင်နှင့်သင့်မိသားစုအတွက် ဖွင့်ထားပါသည်။

ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာ အရင်းအမြစ်များ၏ယေဘုယျအမြင်၊ DPS ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် သင့်အတွက် ရရှိနိုင်သော အစီအစဉ်များနှင့် ဝန်ဆောင်မှုများ အပြင် အသုံးအများဆုံးဖြစ်သော မူဝါဒအချို့၏ ယေဘုယျအမြင်ကိုလည်း သိရှိစေရန်ဖြစ်သည်။ ဤလက်စွဲစာအုပ်သည် သင့်ကိုသင့်ကျောင်းသားအတွက် ပိုမိုကောင်းမွန်သော အကြံပေးပြောဆိုသူတစ်ယောက် ဖြစ်ရန်အထောက်အကူပေးမည်ဟု မျှော်လင့်ပြီး ကျောင်းသားများကို အောင်မြင်မှုသေချာစေရန် ခရိုင်တစ်ခုလုံးတွင်သူတို့အတွက် မည်သည့်အခွင့်အရေးများ ရနိုင်သည်ကိုနားလည်စေသည်။

သင့်ကျောင်းသားနှင့် သင့်မိသားစုအတွက် အကျိုးဝင်မှုအများဆုံးဖြစ်သော သာတူညီမျှ ပညာရေးကို ကျွန်ုပ်တို့ မည်သို့ပေးရမည့်အပေါ် တွင် သင်တို့၏တုံ့ပြန်ချက်ကို ကြားလိုပါသည်။ အကယ်၍ သင့်ထံတွင် ဤလက်ဆွဲစာအုပ်အတွက် မှတ်ချက်များ (သို့) အကြံပေးချက်များရှိပါက communications@dpsk12.org သို အီးမေးလ်ပို့ပါ။



# ဤလက်စွဲစာအုပ်တွင်


## DPS နှင့် ဆက်သွယ်ခြင်း ..... 4

သင့်ကျောင်းသား၏ကျောင်းတွင် သင်ဘယ်လိုပါဝင်မလဲ ..... 6

DPS တွင် ဘယ်လိုပါဝင်မလဲ ..... 7

သင့်ကလေး၏ ဆရာနှင့် ဘယ်လိုဆက်သွယ်မလဲ ..... 9

ဘယ်လိုအမြဲ အသိပေးမှုတွေရစေမလဲ ..... 10

## သင့်ကျောင်းသားကို လမ်းကြောင်းပေါ် တွင်ရှိနေစေခြင်း ..... 12

ပညာရေးစံချိန်စံညွှန်းများ ..... 14

အကဲဖြတ်ခြင်း ..... 15

တက်ရောက်မှု ..... 16

အမူအကျင့် ..... 16

သင်ခန်းစာ ..... 16

ဘွဲ့လိုအပ်ချက်များ ..... 18

## အစီအစဉ်များ နှင့် ဝန်ဆောင်မှုများ ..... 20

အင်္ဂလိပ် ဘာသာစကား တတ်မြောက်မှု ..... 22

တိုးချဲ့သင်ယူမှုနှင့် ဥပစာကျောင်း အစီအစဉ်များ ..... 23

အစားအစာနှင့် အာဟာရဝန်ဆောင်မှုများ ..... 24

ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ..... 24

မသန်မစွမ်းကျောင်းသားများ ..... 25

ကြိုပို့ဝန်ဆောင်မှု ..... 26

## မူဝါဒများ နှင့် လုပ်ငန်းစဉ်များ ..... 28

တက်ရောက်မှု ..... 30

အနိုင်ကျင့်ခြင်း နှင့် လိုင်းပေါ် တွင်အနိုင်ကျင့်ခြင်း ..... 31

စည်းကမ်း ..... 32

စာရင်းသွင်းမှု ..... 33

နှောက်ယှက်ခြင်း နှင့် ခွဲခြားဆက်ဆံမှုပြုခြင်း ..... 34

ကျန်းမာရေး နှင့် ကျန်းမာခြင်း ..... 35

အင်တာနက် နှင့် လူမှုမီဒီယာ ..... 36

မဖြစ်မနေသတင်းပို့သူများ ..... 36

မိဘအပြုအမူ ..... 37

ကျောင်းသားအပြုအမူ ..... 37

ကျောင်းသားမှတ်တမ်းများ ..... 38

ကျောင်းလုံခြုံရေး ..... 39

ဘာသာပြန်ဆိုမှုများနှင့် စကားပြန်ဆိုမှုများ ..... 40

ရာသီဥတု ..... 41

ဧည့်သည်များ နှင့် စေတနာ့ဝန်ထမ်းများ ..... 41

## အရေးကြီးသော အရင်းအမြစ်များ နှင့် ဆက်သွယ်ရန် အချက်အလက်များ ..... 42



*၂၀၂၀ ခုနှစ် ဩဂုတ်လတွင် ပြန်လည်တည်းဖြတ်ထားပါသည်။*




# DPS
# နှင့် ဆက်သွယ်ခြင်း



ကျွန်ုပ်တို့ ကျောင်းသားတစ်ယောက်စီ၏ ပညာရေးသည် DPS၊ ကျွန်ုပ်တို့ ကျောင်းများ နှင့် ကျွန်ုပ်တို့ မိသားစုများအကြား တာဝန်ခွဲဝေထားခြင်းဖြစ်ကြောင်းကို သိရှိသည်။ ကျွန်ုပ်တို့ အဖွဲ့အစည်းသည် ပညာတတ်မြောက်၊ အလုပ်လုပ်ကိုင်ကြပြီး လုပ်ပိုင်ခွင့်စွမ်းရည်များ ရလာသည့်အခါ ကလေးတိုင်းအောင်မြင်သည်အထိ ကြိုးစားသောကျောင်းများဖြစ်အောင် အတူတကွဖန်တီးနိုင်မည်ဟု ယုံကြည်သည်။ ကျွန်ုပ်တို့က သင့်အား သင့်ကျောင်းသား၏ ပညာရေးလမ်းကြောင်း အဆင့်တိုင်းတွင ပံ့ပိုးပေးနိုင်ရန် လိုအပ်သည့် အချက်အလက်များ အားလုံးကို ကျောင်းခရိုင်ကြီးကြပ်ရေးမှူးက ကျင်းပပေးသည့် လူထုအစည်းအဝေးမှ ဖြစ်ပေါ်လာသော သင့်ကျောင်းသား၏ ဆရာများနှင့် အကျိုးရှိသော ဆက်ဆံရေးမှ ရရှိစေလိုပါသည်။

ဤအပိုင်းသည် DPS နှင့်ဆက်သွယ်ရန် နည်းလမ်းများစွာကို အကြမ်းဖျင်းဖော်ပြထားသည်။

## ဤအပိုင်းတွင်


သင့်ကျောင်းသား၏ကျောင်းတွင် သင်ဘယ်လိုပါဝင်မလဲ .......... 6

DPS တွင် ဘယ်လိုပါဝင်မလဲ .......... 7

သင့်ကလေး၏ ဆရာနှင့် ဘယ်လိုဆက်သွယ်မလဲ .......... 9

ဘယ်လိုအမြဲ အသိပေးမှုတွေရစေမလဲ .......... 10

# သင့်ကျောင်းသား၏ကျောင်းတွင် သင်ဘယ်လိုပါဝင်မလဲ

မိသားစုများသည် အဖွဲ့အစည်းများ (သို့) ကော်မီတီများ တွင်ပါဝင်ခြင်း (သို့) သူတို့ကျောင်းတွင် စေတနာ့ဝန်ထမ်းလုပ်ခြင်းတို့ဖြင့် သူတို့ကလေး၏ ပညာရေးတွင် ပါဝင်လုပ်ကိုင်နိုင်ကြသည်။

## မိဘ-ခေါင်းဆောင်မှု အုပ်စုများ

DPS ကျောင်းများတွင် အမျိုးမျိုးသော မိဘခေါင်းဆောင်မှု အုပ်စုများရှိပါသည်။

### ပူးပေါင်းကျောင်းကော်မတီ (သို့) ကျောင်းတာဝန်ခံကော်မီတီ

တစ်ခါတစ်ရံ ကျောင်းတာဝန်ခံကော်မီတီ (SAC) ဟုခေါ်သော ပူးပေါင်းကျောင်းကော်မတီ (CSC) တွင် ကျောင်းဦးဆောင်မှုအဖွဲ့မှကိုယ်စားလှယ်များ၊ ဆရာများ၊ မိဘ (သို့) အုပ်ထိန်းသူများ နှင့် ဒေသခံအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ ပါဝင်သည်။ ပြည်နယ်ဥပဒေနှင့် DPS ပညာရေးဘုတ်အဖွဲ့မူဝါဒ သည် CSC (သို့) SAC ကိုတည်ထောင်ရန် အုပ်ချုပ်မှုပုံစံနှင့် မသက်ဆိုင်ဘဲ ကျောင်းအားလုံးကို လိုအပ်သည်။

### မိဘဆရာအသင်း

မိဘဆရာအသင်း (PTA) သည်နိုင်ငံတစ်ဝှမ်းတွင် ကျောင်းများရှိ ဒေသဆိုင်ရာ အခန်းများနှင့်တကွ တစ်နိုင်ငံလုံးမှ အထောက်အပံ့ပေးထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ PTA သည်မိဘများနှင့် အုပ်ထိန်းသူများကို သူတို့၏ကလေးများကို အကြံပြုပြောဆိုရန် အခွင့်အာဏာရှိပြီး နိုင်ငံအနှံ့ အရင်းအမြစ်ကွန်ယက်များ၊ အစီအစဉ်များနှင့် မိသားစုများအတွက် အကူအညီများကိုပေးသည်။ နောက်ထပ်သိလိုပါက Denver ကောင်စီ PTSA ကို ၃၀၃-၄၂၀-၇၈၂၀ (သို့) denvercouncilptsa@copta.org သို့ အီးမေးလ်ပို့ပါ။

### အင်္ဂလိပ် ဘာသာစကား တက်မြောက်ရေး မိဘအကြံပေး ကော်မတီ

အင်္ဂလိပ် ဘာသာစကား တက်မြောက်ရေး (ELA) ဝန်ဆောင်မှုများကို ပေးသောကျောင်းများသည် အင်္ဂလိပ် ဘာသာစကား တက်မြောက်ရေး မိဘအကြံပေး ကော်မတီ (ELA PAC) တစ်ခုပင်ဖြစ်နိုင်သည်။ ယင်းအဖွဲ့အစည်းသည်မိသားစုများနှင့် ပညာပေးသူများပါဝင်ပြီး ELA PAC ၏ပန်းတိုင်မှာ ကျောင်းများတွင်ရှိသော ELA ဝန်ဆောင်မှုများကို သုံးသပ်၍ တုန့်ပြန်ချက်ပေးရန်နှင့် ပညာပေးသူများနှင့် မိဘများအကြား နက်နဲသောဆက်ဆံရေးများကို ဖွံ့ဖြိုးစေရန်ဖြစ်သည်။

## စေတနာ့ဝန်ထမ်း အခွင့်အလမ်းများ

စေတနာ့ဝန်ထမ်းခြင်းနှင့် (သို့) ကျောင်းလုပ်ရှားမှုများတွင် ပါဝင်သော မိဘများ နှင့်/(သို့) အုပ်ထိန်းသူများ၏ ကလေးများသည် စိတ်သဘောထားပိုကောင်းမွန်မှု ရရှိပြီး ပညာရေးအောင်မြင်မှုပိုမိုရကြောင်း သုတေသနမှတွေ့ရှိသည်။ DPS ကျောင်းများသည် စေတနာ့ဝန်ထမ်းများကို တစ်ကြိမ်စီမံကိန်းများ ကိုဖြစ်စေ (သို့) ဆက်လက်ရှိနေမည့် စီမံကိန်းများကိုဖြစ်စေ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများပေးသည်။ မည်သည့် စေတနာ့ဝန်ထမ်း အခွင့်အလမ်းများ ရနိုင်သည်ကို သိရှိရန် သင့်ကျောင်းကို ဆက်သွယ်ပါ။

စေတနာ့ဝန်ထမ်း အခွင့်အလမ်းများကို ပိုမိုသိရှိနိုင်ရန် နှင့် အခြားနည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် သင့်ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ။ သင်သည် face.dpsk12.org/volunteer-services သို့ဝင်ရောက်နိုင်သည် (သို့) စေတနာ့ဝန်ထမ်း ဝန်ဆောင်မှုများသို့ ၇၂၀-၄၂၃-၃၀၀၂ ကိုဆက်သွယ်၍ ကျောင်းများတွင် စေတနာ့ဝန်ထမ်း အကြောင်းအရာများကို မေးမြန်းနိုင်ပါသည်။

# DPS တွင် ဘယ်လိုပါဝင်မလဲ

DPS တွင်ကျောင်းအဆင့်လိုက် ပါဝင်မှုသာမက
ခရိုင်အဆင့်လိုက်ပါဝင်နိုင်ရန် နည်းလမ်းများစွာရှိပါသည်။

## ဘုတ်အဖွဲ့ဆွေးနွေးပွဲကိုတက်ရောက်ရန်

Denver ပညာရေးဘုတ်အဖွဲ့သည် DPS အတွက်မူဝါဒ ချမှတ်သော အဖွဲ့ဖြစ်ပြီး ဘုတ်အဖွဲ့၏ အာဏာနှင့်တာဝန်များကို ပြည်နယ်ဥပဒေမှ ပြဋ္ဌာန်းထားသည်။ ဘုတ်အဖွဲ့သည် 1860 Lincoln လမ်းတွင်ရှိ Emily Griffith ပရဂုတ် တွင်ပြုလုပ်သော အစည်းအဝေးများ၊ ဆွေးနွေးပွဲများ နှင့် ပြည်သူ့အကြံပြုချက်များကိုလေ့လာပြီး ပြည်သူအားလုံးကို သိရှိစေသည်။ အကယ်၍သင်သည် ဆွေးနွေးပွဲသို့မတက်ရောက်နိုင်ပါက ဆွေးနွေးပွဲများကို အွန်လိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သည်ကိုကြည့်နိုင်သည်။ ပိုမိုသိရှိလိုပါက board.dpsk12.org ကိုဝင်ရောက်ပါ။

## ခရိုင်တာဝန်ခံကော်မီတီကိုပူးပေါင်းရန်

ခရိုင်တာဝန်ခံကော်မီတီ (DAC) သည် အသုံးစရိတ်၊ ခရိုင်တိုးတက်မှုအစီအမံများ၊ ကျောင်းလျှောက်လွှာများခွင့်ပြုခြင်း နှင့် ပြည်နယ်ဥပဒေ တွင်ရာထားသော (သို့) ဘုတ်အဖွဲ့နှင့်/(သို့) ကြီးကြပ်ရေးမှူးမှ သတ်မှတ်ထားသော အခြားကိစ္စများ ကဲ့သို့အရာများကို အကြံပေးနိုင်သော နိုင်ငံသားများကြီးကြပ်သည့် ကော်မီတီတစ်ခုဖြစ်သည်။ DAC အကြောင်းအရာများကိုသိရှိရန် board.dpsk12.org/district-accountability-committee သို့ဝင်ရောက်ပါ။

## ကျောင်းခရိုင်ကြီးကြပ်ရေးမှူးက ကျင်းပပေးသည့် လူထုအစည်းအဝေးများ

ကျောင်းခရိုင်ကြီးကြပ်ရေးမှူးက ကျင်းပပေးသည့် လူထုအစည်းအဝေးများသည် ကျောင်းကြီးကြပ်ရေးမှူးအား DPS မိသားစုများနှင့် ဆက်သွယ်ပြီး ချိတ်ဆက်ထားနိုင်စေသည့် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ စကားဝိုင်း၏ရည်ရွယ်ချက်များမှာ ပွင့်လင်းသောဆွေးနွေးခြင်း၊ ခရိုင်အစပျိုးသော့ချက်များကို ဝေမျှခြင်း၊ ကလေးများ၏အောင်မြင်မှုကို ပံ့ပိုးနိုင်ရန် မိဘများကို အချက်အလက်များနှင့် အရင်းအမြစ်များကို ပေးခြင်း နှင့် ပိုမိုကျယ်ပြန့်သော ကျောင်းအဖွဲ့အစည်းနှင့် အချက်အလက်များကို ဝေမျှနိုင်ရန် မိသားစုများကို ကိရိယာများပေးခြင်းများအတွက် အခွင့်အလမ်းများကို ပေးနိုင်ရန်ဖြစ်သည်။

## မိသားစု ဦးဆောင်မှုကောလိပ်အတွက် စာရင်းသွင်းရန်

မိသားစု ဦးဆောင်မှုကောလိပ်သည် ပညာရေးမိတ်ဖက်များနှင့် မိသားစုဦးဆောင်မှုများကို မြှင့်တင်သည်။ DPS မိသားစုများအားလုံးကို မည်သည့်ဆွေးနွေးပွဲကိုမဆို တက်ရောက်ရန်ကြိုဆိုပါသည်။ အပြန်အလှန် တုန့်ပြန်နိုင်သောကဏ္ဍတစ်ခုစီသည် ပြည်နယ်တစ်ဝှမ်းမှ မိသားစုတိုင်းကို သူတို့၏ ထောက်ခံအားပေးမှု စွမ်းရည်ကိုအိမ်တွင်၊ ကျောင်းတွင် နှင့် DPS တစ်ဝှမ်းတွင် မြှင့်တင်ရန် စုစည်းပေးသွားမည် ဖြစ်ပါသည်။

## ELA ပြည်နယ်တစ်ဝှမ်း မိဘအကြံပေးကော်မီတီ အစည်းအဝေးကိုပူးပေါင်းရန်

အင်္ဂလိပ်ဘာသာစကားတတ်မြောက်ရေး ပြည်နယ်တစ်ဝှမ်း မိဘအကြံပေးကော်မီတီ (ELA DAC) အစည်းအဝေးများသည် အင်္ဂလိပ်ဘာသာမဟုတ်သော အခြားဘာသာစကား ပြောဆိုသူကျောင်းသားများ၏ မိသားစုများကို အင်္ဂလိပ်စာသင်ယူသူနှင့် ဆက်စပ်သောကိစ္စများ အတွက်တုန့်ပြန်ချက်များကို ပေးနိုင်ခွင့်ရစေသည်။ ဤအစည်းအဝေးများသည် ကြီးကြပ်သူမိဘစကားဝိုင်း၊ မိသားစု ဦးဆောင်မှုကောလိပ် နှင့် အခြားပြည်နယ်တာဝန်ခံသော ကျောင်းအုပ်ချုပ်မှုအစည်းအဝေးများတွင် ပါဝင်သည်။



မိသားစုနှင့်အဖွဲ့အစည်းအကူအညီလိုင်း ၇၂၀-၄၂၃-၃၀၅၄ သို့ဆက်ပါ (သို့) DPS တွင်အခြားနည်းလမ်းများဖြင့် ပါဝင်ရန် မေးခွန်းများ၊ ပတ်သက်ရာများ (သို့) နောက်ထပ် အချက်အလက်များအတွက် face.dpsk12.org သို့ဝင်ရောက်ပါ။



# သင့်ကလေး၏ ဆရာနှင့် ဘယ်လိုဆက်သွယ်မလဲ

## မိဘဆရာ အိမ်သို့လာရောက်ခြင်းအစီအစဉ်

မိဘဆရာ အိမ်သို့လာရောက်ခြင်းအစီအစဉ် (PTHV) သည်ဆရာများနှင့် မိသားစုများအကြား အကျိုးရှိသော ဆက်ဆံရေးကိုတည်ဆောက်ခြင်းကို ဦးတည်သည်။ လာရောက်တွေ့ဆုံခြင်းများသည် မိသားစုများ၏ ဆန္ဒအတိုင်းဖြစ်ပြီး နေအိမ်၊ ပန်းခြံ (သို့) စာကြည့်တိုက် တို့ကဲ့သို့ ကျောင်းပြင်ပနေရာများတွင် ပြုလုပ်နိုင်သည်။ PTHV အစီအစဉ်သည် သင့်ကလေး၏ဆရာ ကိုသိရှိရန်ကြီးကျယ်သော အခွင့်အလမ်းဖြစ်ပြီး ဆရာအနေနှင့်လည်း သင့်ကလေး၏ ရှေ့ရေးမျှော်လင့်ချက်များ နှင့် မျှော်မှန်းချက်များကို သိရှိနားလည်စေသည်။

## မိသားစု ညှိနှိုင်းဆွေးနွေးပွဲများ

DPS သည် မိသားစု ညှိနှိုင်းဆွေးနွေးပွဲများကို ကျောင်းနှစ်တစ်နှစ်တွင် နှစ်ကြိမ်ပြုလုပ်သည်။ သေချာပြင်ဆင်ထားမှုသည် သင့်ကို ညှိနှိုင်းဆွေးနွေးပွဲအတွက် အကျိုးရှိစေပြီး သင့်ကလေး၏ ဆရာအတွက်လည်း သူသည် သင့်ကလေးအောင်မြင်ရန် ဘယ်လိုကူညီရမည်ကို ပိုမိုနားလည်သဘောပေါက်စေသည်။

### ညှိနှိုင်းဆွေးနွေးပွဲအတွက် ဘယ်လိုပြင်ဆင်ထားရမလဲ

**ဆွေးနွေးပွဲ မစမီ**

*သင့်ကလေးနှင့် ဆွေးနွေးပါ။ မေးခွန်းများတွင် အောက်ပါတို့ပါဝင်နိုင်သည် -*

- ကျောင်းနှင့် ပတ်သက်၍ ဘာကိုကြိုက်နှစ်သက်သလဲ? သင့်မှာဘာစိုးရိမ်ခေါ်မှုတွေ ရှိပါသလဲ?
- သင်ကြိုက်နှစ်သက်သော ဘာသာရပ်ဟာ ဘာတွေပါလဲ?
- သင် ကျွန်ုပ်ကို သင့်ဆရာကို ဘာများပြောစေချင်သလဲ?

*သင့်ကလေး၏ အလုပ်ကိုသုံးသပ်ရန်။ ကိုယ့်ကိုကိုယ်မေးပါ -*

- ကလေး၏ ပညာရေး တိုးတက်မှုနှင့် ပတ်သက်၍ စိုးရိမ်နေပါသလား။
- သင်ရိုးနှင့် ပတ်သက်၍ မေးစရာ ရှိပါသလား။
- ကျွန်ုပ်၏ကလေးအား ဘယ်လိုအကဲဖြတ်သည်ကို ကျွန်ုပ်နားလည်ပါသလား?

**ညှိနှိုင်းဆွေးနွေးပွဲအတွင်း**

*သင့်ကလေး၏ဆရာကိုမေးပါ -*

- စာသင်ခန်းအတွင်းနှင့် လုပ်ရှားမှုများတွင် ကျွန်ုပ်၏ကလေးဘယ်လို ပါဝင်ဆောင်ရွက်ပါသလဲ?
- ကျွန်ုပ် ကလေး၏ အကောင်းဆုံးနှင့် အညံ့ဆုံးဘာသာရပ်များဟာ ဘာတွေပါလဲ? သူဘယ်လိုတိုးတက်အောင်လုပ်နိုင်ပါမည်လဲ?
- ကျွန်ုပ်ကလေး၏ အဆင့်အတွက် စံချိန်စံညွှန်းများဟာ ဘာတွေပါလဲ? ထိုစံညွှန်းများ ကိုဖော်ပြတဲ့ သင်ခန်းစာဥပမာတစ်ခုကို သင်ပြနိုင်ပါသလား?
- ကျွန်ုပ်ကလေး၏ ကျွမ်းကျင်မှုများကို အတန်းတွင်းရှိ အခြားကလေးများနှင့်ဘယ်လို နှိုင်းယှဉ်ပါသလဲ?
- ကျွန်ုပ်ကလေးဟာ အခြားကလေးများနှင့် လူကြီးများကို ဘယ်လို အပြန်အလှန်ပြုမူပါသလဲ?
- အိမ်စာများကို ကျွန်ုပ်ဘယ်လောက်အထိ ကူညီပေးသင့်ပါသလဲ?
- နောက်ကျမှုနှင့် ပြင်ဆင်မှုများ အပါအဝင် အိမ်စာ မူဝါဒ။
- ကျွန်ုပ်၏ ကလေးဟာ သူတတ်နိုင်သလောက် ကြိုးစားပါသလား?
- ကျွန်ုပ် သင့်ကို အကောင်းဆုံးဘယ်လို ဆက်သွယ်မှုပြုနိုင်ပါသလဲ?

**ဆွေးနွေးပွဲ ပြီးဆုံးလျှင်**

*သင့်ကလေးကို အောက်ပါတို့အပါအဝင် ဆွေးနွေးပွဲ ဟာဘယ်လိုနေသလဲ ဆိုသည်ကိုပြောဆိုပါ -*

- ဆွေးနွေးပွဲ ပြုလုပ်စဉ်အတွင်း ဘာဖြစ်ခဲ့သည်ဆိုသည်ကို ပြောပါ။
- သင့်ကလေး၏ အားသာချက်ကိုချီးကျူးပါ။
- တိုးတက်မှုအတွက် လုပ်ဆောင်ရန်များကို ဘယ်လိုပြောဆိုရမည်ကို သင့်ကလေးအားပြောပါ။
- သူ့အား အောင်မြင်အောင် သင်ဆက်လက်ပြီး ဘယ်လိုကူညီရမလဲ ဆိုသည်ကို သင့်ကလေးအား မေးပါ။



# ဘယ်လိုအမြဲ အသိပေးမှုတွေရစေမလဲ

## DPS အင်တာနက် နှင့် လူမှုမီဒီယာ

DPS ဆက်သွယ်မှုကိုထားရှိနိုင်ရန် နည်းလမ်းများစွာရှိပါသည်။

- bit.ly/OurDPSWeekly သို့သွားရောက်ပြီး အပတ်စဉ် DPS သတင်းလွှာကိုမှာကြားပါ။
- ပြည်နယ်တစ်ဝှမ်း သတင်းနှင့်လက်ရှိအရာများအတွက် dpsk12.org သို့ဝင်ရောက်ပါ။
- လူမှုမီဒီယာတွင် DPS ကိုလိုက်ပါ -

| | |
|---|---|
| Facebook: @DenverPublicSchools | Instagram: @DenverPublicSchools |
| YouTube: @DenverPublicSchools | Twitter: @DPSNewsNow |

## ကျောင်းအခြေခံသော ဆက်သွယ်ခြင်းများ

များစွာသော DPS ကျောင်းများတွင် အိမ်သို့ပို့ပေးသော အပတ်စဉ် ပုံနှိပ်ထားသော စာတွဲများအပါအဝင် ကျောင်းဂက်ဘ်ဆိုက်များ၊ လူမှုမီဒီယာပလက်ဖေါင်းများ၊ အပတ်စဉ်အီးမေးလ်နှင့် အက်ပ်များ ရှိပါသည်။ သင့်ကျောင်းကို တိုက်ရိုက်ခေါ်ပါ (သို့) သင့်ကျောင်းရှေ့ရုံးခန်း သို့သွားရောက်၍ လက်ရှိအရာများရယူရန်နှင့် အမြဲတန်းထိတွေ့မှုရှိနေစေရန် အကောင်းဆုံး နည်းလမ်းကို သိရှိအောင်လုပ်ပါ။

## EDUCA ရေဒီယို၊ တီဗွီ နှင့် သတင်းစာ

FACE ဌာနအတွင်း ဘာသာစကားမျိုးစုံ မီဒီယာမျိုးစုံအဖွဲ့ဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့သည် ရွှေ့ပြောင်းနေထိုင်သူများ၊ နိုင်ငံရေးခိုလှုံသူများ နှင့် ယဉ်ကျေးမှုပေါင်းစုံ အဖွဲ့အစည်းများအား ပေါ့ဒ်ကတ်စ်များ၊ တီဗွီ၊ သတင်းစာ၊ လူမှုမီဒီယာ နှင့် အင်တာနက်များအပါအဝင် ပလက်ဖောင်းများမှတဆင့် ဘာသာစကား ၆ မျိုးမှ ၁၀ မျိုးတို့ဖြင့် ဆက်သွယ်၍ ဝန်ဆောင်မှုပေးရန် ကြိုးစားပါသည်။ ကျွန်ုပ်တို့သည် DPS ပညာပေးသူများ၊ ကျောင်းသားများနှင့် မိဘများကို အသိုင်းအဝိုင်း ထိတွေ့လုပ်ဆောင်မှုနှင့် အချက်အလက်များ၊ ခရိုင်တစ်ဝှမ်း ဆောင်ရွက်စရာများတွင် မိတ်ဖက်ပြုမှုတို့နှင့် ပံ့ပိုးပေးပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်မှု၊ သာတူညီမျှမှု၊ အဖွဲ့လိုက်လုပ်ဆောင်မှု နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားသည်။

ပို၍သိလိုပါက educaDPS.org နှင့် DPSVoice.org သို့ဝင်ရောက်ပါ၊ facebook.com/EDUCA.DPS Facebook တွင် EDUCA နောက်သို့လိုက်ပါ (သို့) EDUCA@dpsk12.org သို့ အီးမေးလ်ပို့ပါ။

## မိသားစု ပံ့ပိုးမှုဆိုင်ရာဝန်ဆောင်မှုများ နှင့် သင်တန်းများ

မိသားစုနှင့်အဖွဲ့အစည်း စီစဉ်မှု (FACE) စင်တာသည် ကျောင်းသားများ၊ မိသားစုများနှင့် အဖွဲ့အစည်းဝင်များ ကို ပိုင်းခြားသိမြင်သောကျွမ်းကျင်မှုများ ရစေရန် စီးပွါးရေးဖူလုံမှု နှင့်သူတို့ကျောင်းသားများ၏ ပညာရေးအောင်မြင်မှု တိုးမြှင့်စေရန် အခမဲ့တစ်ဦးချင်းစီအတွက် ဝန်ဆောင်မှုကိုပေးသည်။ ဝန်ဆောင်မှုများတွင် ဘဏ္ဍာရေးနည်းပြသင်တန်းများ၊ အလုပ်အကိုင်အတွက်ကူညီမှု၊ GED ပံ့ပိုးမှု၊ အင်္ဂလိပ်ဘာသာစကား၊ လုပ်ငန်းဖွံ့ဖြိုးရေးနှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများ ပါဝင်သည်။ FACE စင်တာသည် ဝေးကွာသော အရှေ့မြောက်နှင့် Denver အနောက်တောင် တည်နေရာနှစ်ခုတွင်ရှိသည်။

မိသားစုနှင့်အဖွဲ့အစည်းအကူအညီလိုင်း ၇၂၀-၄၂၃-၃၀၅၄ သို့ဆက်ပါ (သို့) DPS တွင်အခြားနည်းလမ်းများဖြင့် ပါဝင်ရန် မေးခွန်းများ၊ ပတ်သက်ရာများ (သို့) နောက်ထပ် အချက်အလက်များအတွက် face.dpsk12.org သို့ဝင်ရောက်ပါ။

## မိဘများပေါ်တယ် နှင့် ကျောင်းသားပေါ်တယ်

မိဘများပေါ်တယ် နှင့် ကျောင်းသားပေါ်တယ်တို့သည် အွန်လိုင်းကိရိယာများ ဖြစ်၍ မိဘများနှင့် ကျောင်းသားများ အစဉ်သိရှိနိုင်စေပြီး ကျောင်းသား၏တိုးတက်မှု ကိုစောင့်ကြည့်နိုင်သည်။

**အဆင့်နှင့်သင်ခန်းစာများ**
လက်ရှိအဆင့်နှင့် သင်ခန်းစာများကို သုံးသပ်ရန်

**အစီရင်ခံစာကတ်ပြား နှင့် အချိန်ဇယား -**
အစီရင်ခံစာကတ်ပြားများ နှင့် အချိန်ဇယားများကိုကြည့်ရန်

**ကျောင်းတက်ရောက်မှုနှင့်အပြုအမူ**
တက်ရောက်မှုအသေးစိတ်၊ နောက်ကျခြင်းနှင့် အပြုအမူကိုစစ်ရန်။

**အခြားအင်္ဂါရပ်များ-**

- DPS နှင့်ပြည်နယ်စာမေးပွဲရလဒ်များ
- ကျောင်းသား ဘွဲ့ယူရန်လမ်းကြောင်းပေါ်ရောက်ရှိမှု နှင့် ELA အဆင့်၊ နှင့် သင့်ကျောင်း၏ SPF ရလဒ်များကို သုံးသပ်ရန်
- သင်နှင့် သင့်ကျောင်းသားအတွက် ရနိုင်သောအခြားကိရိယာများနှင့် အက်ပ်များကိုစူးစမ်းရှာဖွေမည်။

### မိဘများပေါ်တယ် (သို့) ကျောင်းသားပေါ်တယ် ကိုဘယ်လိုဝင်ရောက်မလဲ

မိသားစုများသည် မိဘများပေါ်တယ် နှင့် ကျောင်းသားပေါ်တယ်များကို ကိုအင်တာနက်ရှိသည့် မည်သည့်နေရာမဆိုတွင် myportal.dpsk12.org သို့ဝင်ရောက်၍ (သို့) iOS နှင့် အန်ဒရိုက်အတွက် ရနိုင်သော မိုဘိုင်းအက်ပ် app ("DPS Portal") ဖြင့်ဝင်ရောက်နိုင်သည်။ ကျောင်းသားများသည် သူတို့၏ DPS သုံးသူအမည်နှင့်စကားဝှက်တို့ကိုသုံး၍ လော့ဂ်အင်လုပ်နိုင်သည်။

### အကောင့်တစ်ခုကိုဖန်တီးမည်

မိဘပေါ်တယ်တစ်ခုကို ဖန်တီးရန် myportal.dpsk12.org ကိုဝင်ရောက်၍ "Create an Account" (အကောင့်တစ်ခုကိုဖန်တီးမည်) ကိုနှိပ်ပါ။ သင်သည် အီးမေးလ်လိပ်စာတစ်ခု နှင့် သင့်ကျောင်းသား၏ ID နံပါတ်လိုအပ်လိမ့်မည်။

အကယ်၍သင်သည် သင့်အကောင့်နှင့်ပတ်သက်၍ မေးခွန်းများရှိပါက (သို့) နည်းပညာပံ့ပိုးမှုလိုအပ်ပါက ပေါ်တယ်အဖွဲ့ကို PortalTeam@dpsk12.org သို့ အီးမေးလ်ပို့ပါ။






# သင့်ကျောင်းသားကို လမ်းကြောင်းပေါ်တွင်ရှိနေစေခြင်း



ကျောင်းသားအားလုံးသည် DPS ကျောင်းတစ်ကျောင်းသို့ ဝင်ရောက်သော ပထမဆုံးရက်မှစတင်၍ အဆင့်အမြင့်ဆုံးကိုရရှိပြီးလျှင် နောက်ဆုံးတွင် ကောလိပ်၊ အလုပ်အကိုင်နှင့် ဘဝအတွက် အဆင့်သင့်ဖြစ်မည့် ဘွဲ့ယူသည့်အဆင့်အထိရောက်ရှိမည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ သင့်ကျောင်းသားကို တင်းကြပ်သော သင်ခန်းစာနှင့် မြင့်မားသောစံညွှန်းများ ကိုကျော်ဖြတ်၍ ကောလိပ်နှင့်အလုပ်အကိုင်အတွက် အဆင့်သင့်ဖြစ်မည့် ဘွဲ့ယူနိုင်ရန်ဖြစ်သည်။

ဤအပိုင်းတွင် ကျွန်ုပ်တို့အဘိဓမ္မာ နှင့် တာဝန်ခံနိုင်သော အလေ့အကျင့်များ နှင့် ကျောင်းသားများ ဒီပလိုမာတစ်ခုကို ရယူရန် လိုအပ်ချက်များကိုလည်း ရာထားသည်။

## ဤအပိုင်းတွင်


ပညာရေးစံချိန်စံညွှန်းများ ..... 14
အကဲဖြတ်ခြင်း ..... 15
တက်ရောက်မှု ..... 16
အမူအကျင့် ..... 16
သင်ခန်းစာ ..... 16
ဘွဲ့လိုအပ်ချက်များ ..... 18*

# ပညာရေးစံချိန်စံညွှန်းများ

DPS သည် ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းကို ကျောင်းသားများ ၂၁ ရာစုအတွက် စွမ်းဆောင်နိုင်ရန် Colorado ပညာရေးစံချိန်စံညွှန်းများ (CAS) ပေါ်တွင်အခြေခံသည်။ ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကျောင်းသားများကို လျှင်မြန်စွာပြောင်းလဲနေသောကမ္ဘာတွင် အောင်မြင်မှုရစေရန် ပြင်ဆင်ပေးသော ဘက်စုံပညာရေးကို ပေးနိုင်ရန်ဖြစ်သည်။

ပညာရေးစံချိန်စံညွှန်းများသည် ကျောင်းသားများအဆင့်တစ်ခုစီတွင် ဘာတွေသင်ယူရမည်ကို ရှင်းရှင်းလင်းလင်း နားလည်စေသည်။ စံချိန်စံညွှန်းများသည် ကျောင်းသားများ ၂၁ ရာစုတွင် အထက်တန်းကျောင်းမှ ဘွဲ့ရပြီး ကောလိပ်နှင့် အလုပ်အကိုင် အောင်မြင်မှုအတွက် အဆင်သင့်ဖြစ်ရစေရန် နှစ်တစ်နှစ်စီတွင် မည်သည့်ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးအောင်လုပ်ဖို့လိုသည်ကို သတ်မှတ်ပေးသည်။

ပညာရေးစံချိန်စံညွှန်းများသည် ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ရေး နှင့် ပြဿနာဖြေရှင်းခြင်း စသော ကျောင်းသားများ အောင်မြင်မှုအတွက် အရေးပါသော ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေရန်ဦးတည်သည်။ စံချိန်စံညွှန်းများသည် ကျောင်းသားများကို အဆင့်တစ်ခုစီတွင် အလွတ်ကျက်မှတ် ထားယုံမဟုတ်ဘဲ သေချာစွာစဉ်းစားရန်၊ အရေးကြီးဆုံး ကျွမ်းကျင်မှုများကို ပိုမိုလေးနက်သော နားလည်သဘောပေါက်မှုကို ရစေရန်စိန်ခေါ် သည်။

### ကျောင်းသားများကို ပညာရေးစံချိန်စံညွှန်းများ နှင့်ကိုက်ညီစေရန် ပံ့ပိုးခြင်း

သင်သည်အောက်ပါအကြံပေးချက်အချို့ကို အိမ်တွင်သင့်ကလေးသင်ယူမှု အတွက်အသုံးပြုနိုင်ပါသည် -

- အဆင့်တစ်ခုစီတွင် သင့်ကလေးဘာသင်ယူရမည်ကို သိရှိပြီး သင့်ကလေး၏ဆရာနှင့် သင်ယူမှုပန်းတိုင်များ အကြောင်းကိုပြောဆိုပါ။
- သင့်ကလေးကို ပြဿနာဖြေရှင်းခြင်းသင်ယူစေရာတွင် အဖြေရှာခြင်း၌ တီထွင်မှုနည်းစနစ် မျိုးစုံပါဝင်သော စမ်းသပ်ပြုပြင် လုပ်ငန်းစဉ်ကို ပြုလုပ်တတ်ရန် အားပေးပါ။
- သင့်ကလေးကို သူတို့၏တစ်နေ့တာ နှင့်အိမ်စာအကြောင်း (သို့) သူတို့ဘယ်လိုသင်ယူနေသလဲ ဆိုသည်ကို ပြောဆိုခြင်းဖြင့် ဆက်သွယ်ရေး ကျွမ်းကျင်မှု ကိုလေ့ကျင့်ပေးပါ။
- စားသောက်ဆိုင်မီနူးဖတ်ခြင်း (သို့) အပိုကြေးတွက်ချက်ခြင်း စသော နေ့စဉ်ပြဿနာ ဖြေရှင်းရာတွင် အတူလုပ်ကိုင်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက် တတ်အောင် လေ့ကျင့်ပေးပါ။
- သင့်ကလေး၏ အဖြေကိုရှင်းလင်းခိုင်းခြင်း၊ စာအုပ်တစ်အုပ်ကိုအတိုချုပ်ခိုင်းခြင်း (သို့) လက်ရှိအဖြစ်အပျက်များကို သုံးသပ်ခိုင်းခြင်းတို့ဖြင့် သေချာစဉ်းစားတတ်အောင် လေ့ကျင့်ပေးပါ။
- ကွန်ပြူတာအသုံးပြုချိန်ကို ကြီးကြပ်ခြင်း (သို့) ကုန်စုံဆိုင်တွင် ကိုယ်တိုင်ငွေချေခြင်း တို့ကဲ့သို့ တကယ်လက်တွေ့ အခွင့်အလမ်းများကိုသုံး၍ နည်းပညာ ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးပါ။

စံချိန်စံညွှန်းများနှင့်ပတ်သက်သောအချက်အလက်များ နှင့် သင့်ကလေး၏သင်ယူမှုကို ဘယ်လိုပံ့ပိုးနိုင်သည်ကို ပိုမိုသိရှိရန် standards.dpsk12.org သို့ဝင်ရောက်ပါ။

# အကဲဖြတ်ခြင်း

အကဲဖြတ်ခြင်းသည် ကျောင်းသားများ အဆင့်တွင်ရှိသော ဘာသာရပ်များကိုကျွမ်းကျင်မှုရှိမရှိ နှင့် ဘွဲ့ယူရန်လမ်းကြောင်းပေါ် ရောက်မရောက်ကို ကျောင်းသားများ၊ မိသားစုများ နှင့် ဆရာများ အတွက် တန်ဖိုးရှိသော အချက်အလက်များကိုပေးသည် အကဲဖြတ်ခြင်းသည် ကျောင်းနှင့်ခရိုင်အဖွဲ့များကို ကလေးများအား ပိုကောင်းသော ဝန်ဆောင်မှုပေးရန် နှင့် ကလေးတိုင်းအောင်မြင်သည် ဟုဖြစ်စေရန် သင်ရိုးညွှန်းတမ်း၊ ညွှန်ကြားချက် နှင့် ခေါင်းဆောင်မှုတို့ကို မည်သို့တိုးတက်အောင် လုပ်ရမည်ကိုသိစေသည်။ ကျောင်းသားများသည် တစ်နှစ်ပတ်လုံးတွင် စုစည်းအကဲဖြတ်ခြင်း နှင့် သင်ယူခြင်းတိုးတက်မှုကို အကဲဖြတ်ခြင်း နှစ်မျိုးစလုံးတွင် ပါဝင်ကြသည်။



## အကဲဖြတ်ခြင်း အမျိုးအစားများ

**စုစည်းအကဲဖြတ်ခြင်းများ** သည် အပိုင်းလိုက်၊ စာသင်နှစ်ဂက် (သို့) ကျောင်းနှစ်အဆုံးတို့ ကဲ့သို့ အချိန်အပိုင်းအခြားတစ်ခုအပြီးတွင် ယေဘုယျအားဖြင့် တစ်ကြိမ် ပြုလုပ်ပေးသည်။ ဥပမာများမှာ နှစ်ဝက် (သို့) နောက်ဆုံးစာမေးပွဲ၊ နောက်ဆုံးစီမံချက် (သို့) Colorado ပညာရေးအောင်မြင်မှု အတိုင်းအတာများ (CMAS) စာမေးပွဲတို့ဖြစ်သည်။ CMAS အကဲဖြတ်ခြင်းများသည် Colorado ပညာရေးစံချိန်စံညွှန်းများ နှင့်ကိုက်ညီအောင်ပြုလုပ်ထားပြီး ယင်းတို့ကို ပြည်နယ်တစ်ခုလုံးတွင် အသုံးပြုသည်။

**သင်ယူခြင်းတိုးတက်မှုကို အကဲဖြတ်ခြင်း** သည် ဆရာများနှင့်ကျောင်းသားများ ညွှန်ကြားချက်ပေးနေစဉ်အတွင်း လုပ်ဆောင်ဆဲ လုပ်ငန်းစဉ်ကိုညွှန်းသည်။ ထိုအကဲဖြတ်ခြင်းအမျိုးအစားတွင် ဆရာများက ကျောင်းသားများသည် သင်ယူရာတွင်လိုက်နိုင်မနိုင် နှင့် နားလည်မှုရှိမရှိ ကိုတွေ့ရှိနိုင်သည်။ သင်ယူခြင်းတိုးတက်မှုကို အကဲဖြတ်ခြင်းသည် ဆရာများကို ကျောင်းသားများအား သူတို့၏ကျွမ်းကျင်မှုများ တိုးတက်ရန်နှင့် ဗဟုသုတပြန့်ပွါးရန် မည်သို့ ကူညီနိုင်သည်ကို ခန့်မှန်းနိုင်စေသည်။

## အကဲဖြတ်ခြင်းမူဂါဒများ

ပြည်နယ်အကဲဖြတ်ခြင်းများအားလုံးကို ကျောင်းသားများ စာရွက်နှင့်ခဲတံဖြင့် ဖြေဆိုရန် စာရွက်စာတမ်းများ လိုအပ်သည်မှလွဲ၍ အွန်လိုင်းတွင် စီမံပြုလုပ်စေသည်။ ကျောင်းသားများကို တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အကဲဖြတ်စစ်ဆေးမှုများမှ လွတ်ငြိမ်းခွင့်ပြုလိုသော မိဘများအနေဖြင့် မိဘများဆိုင်ရာ ရှောင်ရှားခြင်းမူဝါဒကို လိုက်နာခြင်းဖြင့် လွတ်ငြိမ်းခွင့်ရရှိနိုင်ပါသည်။ စစ်ဆေးမှုများမှ ရှောင်ရှားခြင်းအတွက် လျှောက်လွှာကို မိဘပေါ်တယ်တွင် (သို့) သင်၏ကျောင်းကို ဆက်သွယ်ခြင်းဖြင့် ရနိုင်ပါသည်။

## အကဲဖြတ်ခြင်းများဟာ ဘာကြောင့်အရေးကြီးသလဲ

ကလေးအားလုံးသည် ပင်ကိုယ်ဉာဏ်၊ အလားအလာနှင့် အမြင့်မားဆုံးအဆင့်အထိ ရောက်အောင် ပညာသင်ယူရန် အခွင့်အလမ်းများ ရပိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ ပညာရေးစံချိန်စံညွှန်းများ သည် ကျောင်းသားများအား ကောလိပ်၊ အလုပ်အကိုင် နှင့် ဘဝတွင်အောင်မြင်စေရန် လိုအပ်သော ဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ ဘာသာစကားနှင့် ကျွမ်းကျင်မှုများ နှင့်အတူ ကမ္ဘာ့အဆင့်မီပညာရေး ကိုရရှိစေသည်။ DPS သည် CMAS နှင့်အခြားအကဲဖြတ်ခြင်းများကို မှီခို၍ ကျောင်းသားများ ၂၁ ရာစုအတွက် အဆင်သင့်ဖြစ်စေမည့် ဘွဲ့ယူရန်လမ်းကြောင်းပေါ်တွင်ရှိစေ သည်။ CMAS သည်ကျောင်းဦးဆောင်သူများနှင့် ဆရာများအား ကျောင်းသားတိုးတက်မှုကို စောင့်ကြည့်ရန်ကူညီသည်။ မြင့်မားသောစံချိန်စံညွှန်းများဖြင့် ကျောင်းသားများကိုအောင်မြင်ရန် သက်ဆိုင်သော၊ အဓိပ္ပါယ်ရှိသော နှင့် အချိန်မှီပံ့ပိုးမှုများကို ကျွန်ုပ်တို့ပေးနိုင်မှုသည် ယခင်ထက်စာလျှင်ပို၍ အရေးကြီးလာပြီး မည်သည့်ပံ့ပိုးမှုများကို လုပ်သင့်သည်ကို CMAS မှကူညီဆုံးဖြတ်ပေးသည်။

သင့်ကျောင်းအုပ်၊ ဆရာများနှင့် စကားပြောဆိုခြင်းဖြင့် သင့်ကလေး၏ သင်ယူမှုတွင် ပါဝင်လုပ်ကိုင်ပါ။ သင်သည် အကဲဖြတ်ခြင်းတစ်ခုစီ၏ ရည်ရွယ်ချက်ကိုရာထားသော အကဲဖြတ်ခြင်းပြက္ခဒိန်များ နှင့် တစ်နှစ်အတွက် အကဲဖြတ်ခြင်း အချိန်ဇယားကို standards.dpsk12.org/assessments တွင်တွေ့နိုင်သည်။

## တက်ရောက်မှု

ကျောင်းသားများသည် ကျောင်းတွင်ရှိစဉ် အကောင်းဆုံးသင်ယူနိုင်သည်။ ပျက်ကွက်မှုများလာပါက ကျောင်းသားများသည် တန်ဖိုးရှိသော သင်ခန်းစာများနှင့် သင်ယူသည့်အရာကို လေ့ကျင့်ရန် အခွင့်အလမ်းဆုံးရှုံးသည်။ တစ်နိုင်ငံလုံးတွင် လေ့လာတွေ့ရှိချက်အရ တက်ရောက်မှုအားနည်းသော ကျောင်းသားများသည် ကျောင်းတွင်နောက်ကျကျန်ရစ်ခဲ့ဖို့များသည်။ ကျောင်းသားနှင့် မိသားစု နှစ်ဘက်စလုံးတွင် ကျောင်းသားများကျောင်းတွင် အချိန်မှန်ရှိနေပြီး ကောင်းစွာသင်ယူရန် အတွက်တာဝန်ရှိသည်။ မိသားစုများသည် ပုဂ္ဂိုလ်ရေးရာချိန်းဆိုမှုများကို ကျောင်းပြင်ပအချိန်များတွင် အချိန်သတ်မှတ်ပေးခြင်းဖြင့် ကူညီနိုင်သည်။

## အမူအကျင့်

ကျောင်းသားအများစုသည် သူတို့၏ကျောင်းနှစ်တစ်လျှောက်လုံးတွင် ညွှန်ကြားမှုနှင့် ထပ်မံညွှန်ပြခြင်း တို့ကိုလိုအပ်သည်။ သို့သော်ကျောင်းသားတစ်ယောက်၏ အပြုအမူသည် သူ၏သင်ယူမှု (သို့) အခြားသူများ ၏သင်ယူမှုကို အနှောက်အယှက်ဖြစ်စေပါက သူသည်အများ၏ နောက်သို့ ရောက်သွားနိုင်သည်။ ကျောင်းသားတစ်ယောက်စီအတွက် အတန်းတွင် အောင်မြင်မှုကို လမ်းကြောင်းပေးမည့် သင်ယူမှုနှင့် အပြုအမူပန်းတိုင်များကို ချမှတ်ထားရန် မိသားစုများ၊ ဆရာများ နှင့်ကျောင်းသားများ သည် အတူတကွလုပ်ဆောင်ကြရမည်။

## သင်ခန်းစာ

ကျောင်းသားများသည် သူတို့ကို အတန်းထဲတွင် အောင်မြင်မှုရခြင်းနှင့် တစ်နှစ်စီတွင် ပညာရေးဆိုင်ရာတိုးတက်ခြင်း တို့ကိုဖြစ်နိုင်စေမည့် သင်ခန်းစာများ ကိုရွေးချယ်သင့်သည်။ ကျောင်းသားနှင့် မိသားစု နှစ်ဘက်စလုံးသည် အတန်းတစ်တန်းစီအတွက် သင်ယူမှုပန်းတိုင်များကို နားလည်ရန် နှင့် နောက်ထပ်ပံ့ပိုးမှု လိုအပ်သောအခါ ဆရာများနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ ပြောဆိုနိုင်မှုသည် အရေးကြီးသည်။





23

# ဘွဲ့လိုအပ်ချက်များ

ဘွဲ့ရယူရန်နီးကပ်လာသည့်အလျောက် DPS ဒီပလိုမာတစ်ခုသည် ဘွဲ့ရရှိပြီးအလုပ်အင်အား သို့ဖြစ်စေ၊ စစ်မှုထမ်းရန်ဖြစ်စေ၊ အထူးစက်မှုလက်မှု လုပ်ငန်းအောင်လက်မှတ်များအတွက် ဆက်လက်တက်ရောက်သော သင်တန်းသို့ဖြစ်စေ၊ ကောလိပ်ကျောင်းသို့တက်ရောက်သည်ဖြစ်စေ သင်ရွေးချယ်သော မည်သည့်လမ်းကြောင်းကိုမဆို အောင်မြင်စေဖို့ ပြင်ဆင်ပေးနိုင်ရန် သေချာစေလိုသည်။

၂၀၂၁ အတန်းမှစ၍ ကျွန်ုပ်တို့တွင် ကျောင်းသားများ ကောလိပ်၊ အလုပ်အကိုင် (သို့) အလုပ်ခွင်တွင်အောင်မြင်စေရန် ဘာလိုအပ်သည်ကိုဖော်ပြသော ဘွဲ့ယူရန်လိုအပ်ချက်အသစ်များ ရှိသည် လိုအပ်ချက်အသစ်များသည် အတန်းတွင်း၌ရှိသောအချိန်အတွက် ရသောအဆင့်များကို အာရုံစိုက်မှုနည်းပြီး အထက်တန်းကျောင်းပြီးလျှင် ဘ၀အတွက်လိုအပ်သော ကျွမ်းကျင်မှုများကိုရစေရန် ပိုမိုအာရုံစိုက်သည်။

DPS ဒီပလိုမာတစ်ခုရရန် ကျောင်းသားများသည် လိုအပ်သောသင်ခန်းစာများကို ပြီးမြောက်ရမည်၊ စွမ်းဆောင်ရည်လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း နှင့် တစ်ဦးစီ၏ အလုပ်အကိုင်နှင့် ပညာရေးအစီအစဉ် (ICAP) ကိုပြီးမြောက်ရမည်။




## ICAP

ကျောင်းသားများသည် ခြောက်တန်းမှ စတင်၍ သူတို့၏ ICAP များကို ဖွံ့ဖြိုးစေခြင်း၊ လက်ရှိဖြစ်စေခြင်းနှင့် ပြီးမြောက်အောင်လုပ်ရာတွင် အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ဆရာများ၊ မိသားစုများနှင့် အတူအလုပ်လုပ်ကြသည်။ တစ်ဦးစီ၏အလုပ်အကိုင်နှင့် ပညာရေးအစီအစဉ် လုပ်သောကိရိယာဖြင့် ကျောင်းသားများသည် ပန်းတိုင်သတ်မှတ်ခြင်း၊ ကောလိပ်အခွင့်အလမ်းများ၊ ပညာရေးအစီအစဉ်၊ ငွေကြေးသုံးစွဲမှု၊ ငွေကြေးအထောက်အကူ နှင့် မရှိမဖြစ်သော ကျွမ်းကျင်မှုများအပါအဝင် သူတို့၏ကောလိပ်နှင့် အလုပ်အကိုင် လမ်းကြောင်း၏ ရှုထောင့်အားလုံးအတွက် ခန့်မှန်းနိုင်သည်။ ဤမူဘောင်သည် ကျောင်းသားများအတွက် လမ်းပြမြေပုံကို ဖန်တီးပေးသောကြောင့် သူတို့၏အနာဂတ်ကောလိပ် နှင့် အလုပ်အကိုင် မျှော်မှန်းချက်များအတွက် စုစည်းထားသော ဖြစ်နိုင်ခြေများနှင့် သမိုင်းမှတ်တိုင်များရနိုင်မှု ကိုမြင်နိုင်စွမ်းရှိသည်။ သူတို့၏အကြီးတန်းပြီးဆုံးလျှင် ဘွဲ့ယူရန်အတွက် ICAP လိုအပ်ချက်ကိုဖြည့်ဆည်းရန် ပြုလုပ်ထားသော အစီအစဉ်ကို ဝင်ရောက်ရမည်။

## သင်ခန်းစာ

ကျောင်းသားများသည် အလယ်တန်းကျောင်းလွန် တက္ကသိုလ်များ၏ လက်ခံမှုလိုအပ်ချက်များ အတွက် ပြင်ဆင်ရန် တင်းကြပ်သောသင်ခန်းစာ လေ့လာမှုတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး ပါဝင်မှုမျိုးစုံရှိသော သင်ခန်းစာရက်ဒစ် ၂၄ ပိုင်းကိုပြီးမြောက်ရမည်။ **လိုအပ်သော သင်ခန်းစာတွင် အောက်ပါတို့ပါဝင်သည် -**

- အင်္ဂလိပ်ဘာသာစကား ဂီတ္တာ လေးပိုင်း
- သင်္ချာ လေးပိုင်း
- သိပ္ပံ သုံးပိုင်း
- လူမှုရေး ဘာသာရပ်များ သုံးပိုင်း
- ရုပ်ပိုင်းဆိုင်ရာပညာရေး တစ်ပိုင်း
- အနုပညာအပိုင်း (သို့) အရည်အချင်းပြည့်မီသော စက်မှုလက်မှုအလုပ်အကိုင်ပညာရေး (CTE) တစ်ပိုင်း။
- အတည်ပြုထားသောရွေးချယ်မှုများ ရှစ်ပိုင်း။ *

** လေးနှစ်တက္ကသိုလ်များ တက်ရောက်လိုသည့် ကျောင်းသားများသည် သူတို့၏စိတ်ကြိုက် ဘာသာရပ်များ၏ အပိုင်းအနေနှင့် ကမ္ဘာ့ဘာသာစကား လိုအပ်ချက်များနှင့် ပြည့်မီရမည်။ ပိုမိုသိလိုပါက ကျောင်းအကြံပေးပုဂ္ဂိုလ်ထံ မေးမြန်းပါ။*

## ကျွမ်းကျင်မှု

ကျွမ်းကျင်မှုရှိကြောင်းကိုပြသခြင်းမှာ ကျောင်းသားတစ်ယောက်သည် ကျွမ်းကျင်မှု၊ စွမ်းရည်နှင့်ကြံဆမှုအချို့ကိုသင်ယူခဲ့ပြီး ယင်းတို့ကိုလက်တွေ့ဘဝတွင် အသုံးချနိုင်ကြောင်းကို ပြသခြင်းဟုဆိုလိုသည်။ ကျောင်းသားသည် ကျောင်းတွင် ဘာတွေသင်ယူတတ်မြောက်ခဲ့သည်ကို ပြသရန်နည်းလမ်းများစွာရှိသည်၊ ထို့ကြောင့်ကျွန်ုပ်တို့သည် ရွေးချယ်မှုမီနူးကို ကျွမ်းကျင်မှုပြသရန် ဖန်တီးထားခြင်းဖြစ်သည်။ DPS မှ ဘွဲ့ရရှိရန် ကျောင်းသားတိုင်းသည် အင်္ဂလိပ်စာ၊ သင်္ချာကျွမ်းကျင်မှု နှင့်/(သို့) အလုပ်အကိုင်အဆင်သင့်ဖြစ်မှုကို DPS ကျွမ်းကျင်မှုမီနူးမှ တစ်ခု (သို့) တစ်ခုထက်ပို၍ပြီးမြောက်ခြင်းဖြင့် ပြသရလိမ့်မည်။ ယင်းမီနူးကို အွန်လိုင်း collegeandcareer.dpsk12.org/competency-menu တွင်ရနိုင်သည်။

ကောလိပ်နှင့် ကျောင်းအပြီး အလုပ်အကိုင်အတွက် မည်သို့ပြင်ဆင်ရမည့် အချက်အလက်များကို ပိုမိုသိလိုပါက ကျောင်းအကြံပေးပုဂ္ဂိုလ်၊ ကျောင်းခေါင်းဆောင်နှင့် ဆရာများထံမေးမြန်းပြီး collegeandcareer.dpsk12.org သို့ဝင်ရောက်ပါ။

### အိမ်ဆက်သွယ်မှု


DPS တွင် မိသားစုပါဝင်ဆောင်ရွက်မှုသည် ကျောင်းတွင် ကလေးအောင်မြင်မှု ရစေရန် အဓိကအချက်တစ်ချက်ဖြစ်သည်။ သင့်ကလေး သင်ယူပြီးအောင်မြင်ရန် သင်လုပ်နိုင်သော ရိုးရှင်းသောအရာအချို့ကို ဖေါ်ပြထားသည်။

- သင့်ကလေးကို ပညာရေးသည်တန်ဘိုးရှိပြီး မိသားစုတွက် အရေးကြီးကြောင်း ရှင်းလင်းသော အသိကိုပေးပါ။
- သင့်ကလေးနှင့် သူတို့၏ ကျောင်းနေ့အကြောင်း နေ့စဉ်စကားပြောဆိုပါ။ သူတို့၏စိတ်ဝင်စားမှု၊ အားသာချက် နှင့် ပင်ကိုယ်ဉာဏ်များကို သိအောင်လုပ်ပါ။ သင့်ကလေးနှင့် ကောလိပ်နှင့် အလုပ်အကိုင်အကြောင်းပြောဆိုပါ။
- သင့်ကလေးကို နေ့စဉ်ကျောင်းကိုအချိန်မှန်တက်စေပြီး သင်ယူရန်အဆင်သင့်ဖြစ်ပါစေ။
- အိမ်စာကိုလုပ်ရန် အချိန်နှင့် နေရာကိုသတ်မှတ်ပေးပါ။
- နေ့စဉ် စာဖတ်စေပါ။
- သင့်ကလေး၏ဆရာနှင့် ဆက်သွယ်မှုအမြဲတန်းရှိနေအောင် ပုံမှန်ညှိနှိုင်းပါ။ မိသားစုတွေဆုံဆွေးနွေးပွဲသို့ တက်ရောက်ပါ (သို့) မိဘဆရာအိမ်သို့လာရောက်ခြင်းကို အချိန်သတ်မှတ်ပါ။
- မိဘပေါ်တယ် myportal.dpsk12.org သို့ဝင်ရောက်ပြီး သင့်ကလေး၏အိမ်စာလုပ်ထားမှုများ၊ အကဲဖြတ်မှုရလဒ်များ နှင့် တိုးတက်မှုကိုသိရှိနိုင်သည်။





# အစီအစဉ်များ နှင့် ဝန်ဆောင်မှုများ



ကျွန်ုပ်တို့ကျောင်းသားအများစု၏ အရေးအကြီးဆုံး အလုပ်သည် အတန်းထဲတွင်နှင့် အခြားသင်ယူမှုပတ်ဝန်းကျင်များတွင် ပြုလုပ်ရသော်လည်း သူတို့၏ပညာရေးအောင်မြင်မှုသည် DPS မှပေးသောပံ့ပိုးမှုများ ပေါ်တွင်လည်း မူတည်သည်။ ယင်းတို့တွင် လုံခြုံပြီးစိတ်ချရသော သယ်ယူပို့ဆောင်ရေး၊ အာဟာရဖြစ်သော အစားအစာများ၊ အရေးပါသောဘာသာစကား နှင့် အထူးပညာရေး အရင်းအမြစ်များပါဝင်သည်။

ဤအပိုင်းတွင် DPS အစီအစဉ်များနှင့် ဝန်ဆောင်မှုများသည် ကျောင်းသားအားလုံးကို အောင်မြင်မှုအတွက် သာတူညီမျှအခွင့်အလမ်း ကိုရစေရန် ကူညီသည့်နည်းလမ်းများကို ရာထားသည်။

## ဤအပိုင်းတွင်


အင်္ဂလိပ် ဘာသာစကား တတ်မြောက်မှု ........ 22
တိုးချဲ့သင်ယူမှုနှင့် ဥပစာကျောင်း အစီအစဉ်များ ........ 23
အစားအစာနှင့် အာဟာရဝန်ဆောင်မှုများ ........ 24
ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ........ 24
မသန်မစွမ်းကျောင်းသားများ ........ 25
ကြိုပို့ဝန်ဆောင်မှု ........ 26

# အင်္ဂလိပ် ဘာသာစကား တတ်မြောက်မှု

ကျောင်းသားတိုင်း၏ မိခင်ဘာသာစကားသည် ပိုင်ဆိုင်မှုတစ်ခုဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုနှင့်ပေါင်းစပ်ပါက ကျောင်းနှင့် လက်တွေ့ဘဝတွင် အောင်မြင်စေနိုင်သည်။ အင်္ဂလိပ်ဘာသာစကား တတ်မြောက်မှု (ELA) အစီအစဉ်သည် အင်္ဂလိပ်စာသင်ယူသူများကို သင်ယူစဉ်အတွင်း အဓိကနေရာများတွင် ဗဟုသုတတိုးတက်ရန် အရည်အချင်းပြည့်ဝသော ဆရာများမှညွှန်ကြားချက်နှင့် သီးသန့် အင်္ဂလိပ်ဘာသာစကား ဖွံ့ဖြိုးမှုပံ့ပိုးခြင်းကို လုပ်ဆောင်ပေးခြင်း ဖြစ်သည်။

မိခင်ဘာသာစကားသည် အင်္ဂလိပ်စကားမဟုတ်သော ကျောင်းသားအားလုံး နှင့် အင်္ဂလိပ်စာတွင်ကျွမ်းကျင်မှု မရှိသေးသောသူများသည် ELA အစီအစဉ်ဂန်ဆောင်မှုများ အတွက် အရည်အချင်းပြည့်မီသည်။ စာရင်းသွင်းရာတွင် ကျောင်းသားသစ်များ၏ မိဘများသည် ကျောင်းသားနှင့် မိသားစု ပြောဆိုသော ဘာသာစကားတစ်ခု (သို့) ဘာသာစကားများကိုသိရှိရန် အိမ်သုံးဘာသားစကား မေးခွန်းပုံစံ (HLQ) ကိုဖြည့်စွက်ရမည်။ အကယ်၍ HLQ တွင်ဖြည့်ထားသောဘာသာစကားသည် အင်္ဂလိပ်ဘာသာမဟုတ်ပါက၊ မိဘများသည် သူတို့၏ကလေးအတွက် ELA အစီအစဉ်တစ်ခုကို ရွေးချယ်ပါ။ ကျောင်းသည် ကလေး၏ အင်္ဂလိပ်စာကျွမ်းကျင်မှု အဆင့်ကို အကဲဖြတ်ပြီး ထိုကျောင်းသား၏ လုပ်ဆောင်မှုကို သုံးသပ်ကာ သူသည် ELA အစီအဉ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီ မမီကိုဆုံးဖြတ်သည်။

## DPS ကျောင်းများတွင် ရှိသော ELA အစီအစဉ်များ

**ဘာသာစကား နှစ်မျိုးအစီအစဉ်များ ဟုသိထားသော ကူပြောင်းနိုင်သောမိခင်ဘာသားစကား (TNLI)** အစီအစဉ်များသည် ပထမဘာသာစကားသည် စပိန်စကားဖြစ်သော အင်္ဂလိပ်စာသင်ယူသူများ အတွက်ဖြစ်သည်။ TNLI အစီအစဉ်များတွင် ညွှန်ကြားချက်သည် စပိန်နှင့် အင်္ဂလိပ် နှစ်မျိုးဖြစ်၍ ကျောင်းသားများအင်္ဂလိပ်စာတွင် ပိုမိုကျွမ်းကျင်လာသည်နှင့် အမျှ အင်္ဂလိပ်လိုညွှန်ကြားချက်ပိုများလာသည်။ ရည်ရွယ်ချက်မှာ ကျောင်းသားများ ဘာသာစကားနှစ်ခုစလုံးကို တတ်မြောက်စေရန်ဖြစ်သည်။ TNLI ကျောင်းတွင်တက်ရောက်သော ကျောင်းသားများ၏ ပထမဘာသာစကားသည် စပိန်စကားမဟုတ်ပါက သူတို့သည် အင်္ဂလိပ်ညွှန်ကြားချက်ကို ဒုတိယ ဘာသာစကားအနေဖြင့် ရရှိလိမ့်မည်။

**အင်္ဂလိပ်ကိုဒုတိယဘာသာ စကားအနေဖြင့်သင်သော (ESL)** အစီအစဉ်များ သည် မည်သည့်ဘာသာစကား ကိုမဆို ပြောဆိုသော အင်္ဂလိပ်စာသင်ယူသူများ အတွက်ဖြစ်သည်။ ညွှန်ကြားချက်အားလုံးသည် အင်္ဂလိပ်လိုဖြစ်ပြီး ဆရာများသည် အင်္ဂလိပ်စာသင်ယူသူများကို သင်ရန်အတွက် အထူးသင်တန်းကို ပြီးမြောက်ထားသော သူများဖြစ်သည်။ ပေးထားသော ဘာသာစကားတစ်ခုကို ပြောဆိုသောကျောင်းသားအရေအတွက် ကိုမူတည်၍ ထိုကျောင်းသည် ထပ်မံအကူအညီပေးနိုင်သော မိခင်ဘာသာစကားပြောသော ဆရာကိုထားရှိမည်။

Denver Public Schools **ဘာသာစကား နှစ်မျိုး** အစီအစဉ်သည် ဘာသာစကား နှစ်မျိုး ကျွမ်းကျင်မှု၊ ဘာသာစကားနှစ်မျိုး တတ်ကျွမ်းမှုဆု နှင့် ယဉ်ကျေးမှု တန်ဖိုးထားခြင်းတို့ကို ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ဘာသာစကားနှစ်မျိုးဖြင့် သင်ကြားပေးသော ရေရှည်အစီအစဉ် တစ်ခုဖြစ်သည်။ ဘာသာစကား နှစ်မျိုးကို သင်ကြားပေးသော ခရိုင်တိုင်းသည် ညွှန်ကြားချက်၏ အနည်းဆုံး ၅၀% ကို မူလတန်းအဆင့်တွင် စပိန်ဘာသာစကားဖြင့် ပါရှိစေပြီး အလယ်တန်းအဆင့်တွင် စပိန်ဘာသာစကားဝိဇ္ဇာ နှင့် အခြားဘာသာရပ်တစ်ခုကို စပိန်ဖြင့်သင်ကြားသည်။

အင်္ဂလိပ်စာသင်ယူသူအားလုံးသည် အစီအစဉ်နှင့် မသက်ဆိုင်ဘဲ အင်္ဂလိပ်ဘာသာစကားဖွံ့ဖြိုးရေး (ELD) အတွက် သီးသန့်ဖြစ်သော နေ့စဉ်အတန်းကိုတက်ရမည်၊ ၎င်းသည်ကျောင်းသားများကို အင်္ဂလိပ်စာဖတ်ရန် နှင့် ရေးရန် အခြေခံကိရိယာများကို ပေးသည်။

ELA ပေးဆောင်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက သင့်ကျောင်းကိုဆက်သွယ်ပါ။ ကျောင်းရှိ ELA အစီအစဉ်များ၏ စာရင်းကို ela.dpsk12.org/ela-programs တွင်တွေ့ရှိနိုင်သည်။ ပိုမိုသိရှိလိုပါက ၇၂၀-၄၂၃-၂၀၄၀ သို့ခေါ်ပါ။

# တိုးချဲ့သင်ယူမှုနှင့် ဥပစာကျောင်း အစီအစဉ်များ

DPS မိသားစုများနှင့် ကျောင်းသားများသည် သမရိုးကျ ကျောင်းနေ့နှင့် နှစ်များကိုကျော်လွန်၍ သင်ယူမှု အတွေ့အကြုံကို တိုးချဲ့နိုင်သော အစီအစဉ်များ သို့ဝင်ရောက်ခွင့်ရှိကြသည်။ များစွာသောကျောင်းတို့သည် ကျောင်းချိန်မတိုင်မီနှင့် ကျောင်းချိန်နောက်ပိုင်း၊ ကျောင်းပိတ်ရက် နှင့်နားရက်များ (သို့) နွေရာသီတွင် အစီအစဉ်များကိုပြုလုပ်ပေးသည်။ ထိုအစီအစဉ်များ သည်ကျောင်းသားများကို လုံခြုံပြီး နေချင်စဖွယ်ဖြစ်သောနေရာတွင် အချိန်ဖြုန်းရန်နှင့် သူတို့လုပ်ကိုင်ဆောင်ရွက်မှုနှင့် သင်ယူမှုကိုတိုးမြှင့်ရန် အခွင့်အလမ်းများကို လည်းပေးသည်။



## DISCOVERY LINK

Discovery Link သည် DPS ကျောင်း ၄၀ တွင်ထားရှိသော လိုင်စင်ရ ကျောင်းချိန်မတိုင်မီ၊ ကျောင်းချိန်နောက်ပိုင်း နှင့် နွေရာသီစခန်းချ အစီအစဉ်ဖြစ်သည်။ Discovery Link တွင်ကိုယ်လက်လှုပ်ရှားမှု၊ အစာအာဟာရ၊ သချာၤ၊ စာပေ၊ သိပ္ပံ၊ ဂီတ နှင့်လူမှုရေး စိတ်ခံစားမှုဆိုင်ရာ သင်ယူမှုများအပါအဝင် လက်တွေ့သင်ယူမှုများကို ထည့်သွင်းထားသည်။ Discovery Link တွင်အိမ်စာအကူအညီ၊ ကျန်းမာရေးနှင့်ညီသော သွားရည်စာ၊ ရွယ်တူချင်း၊ လူကြီးများနှင့် ဆက်ဆံရေးကိုတည်ထောင်နိုင်မည့် အခွင့်အလမ်းများပါဝင်သည်။ Discovery Link သည်ပုံသေအခကြေးငွေဖြစ်ပြီး ကန့်သတ်ထားသော ကျူရှင်အကူအညီ ရနိုင်ပါသည်။ ကြွယ်ဝစေသောအစီအစဉ်များကို အပိုဆောင်း စရိတ် ဖြင့်ရနိုင်ပါသည်။ Discovery Link သည် ကလေးထိန်းအကူအစီအစဉ် (CCAP) ကိုလက်ခံသည်။ ပိုမိုသိရှိလိုပါက discoverylink.dpsk12.org သို့ဝင်ရောက်ပါ။

## အဖွဲ့အစည်းမိတ်ဖက်များ

DPS သည်လက်ရှိတွင် ကျောင်းချိန်တွင်းနှင့် ကျောင်းချိန်ပြင်ပတွင် ကျွန်ုပ်တို့ကျောင်းသားများ၏ အမျိုးမျိုးသော လိုအပ်ချက်များအတွက် အစီအစဉ်များနှင့် ဝန်ဆောင်မှုများကိုပေးရန် ကတိပြုထားသော အဖွဲ့အစည်း မိတ်ဖက်များစွာနှင့်အတူ အလုပ်လုပ်နေသည်။ ကျေးဇူးပြု၍သင့်ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပြီး သင့်ကျောင်းတွင် မည်သည့်မိတ်ဖက်များ ရနိုင်သည်ကိုစုံစမ်းပါ၊ (သို့) Denver ကျောင်းအပြီးအစီအစဉ် ချမှတ်သည့်အရာအတွက် cps.civicore.com/map သို့ဝင်ရောက်ပါ။

# အစားအစာနှင့် အာဟာရဝန်ဆောင်မှုများ

ကျောင်းသားများသည် အာဟာရပြည့် ပြီးကျန်းမာပါက စွမ်းဆောင်နိုင်မှု ပိုကောင်းသည်ဟု သုတေသနမှ ဖေါ်ပြထားသည်။ DPS တွင်ကျောင်းသားများသည် အရသာမျိုးစုံနှင့် လိုအပ်သော အစားအသောက်အတွက် အာဟာရပြည့်သော၊ အရသာရှိသော နှင့်အဆင်ပြေသော ကျောင်းအစားအစာ အမျိုးမျိုးတို့ကို ရရှိရန်သေချာစေသည်။

ကျောင်းသားအားလုံးအတွက် အခမဲ့နံနက်စာကို နေ့စဉ်ရရှိနိုင်သည်။ ကျောင်းတွင်းအစားအသောက် အမြည်းအမယ်များ နှင့်အရန်ဟင်းများကို အစအဆုံးကျောင်းတွင်း၌ ချက်ပြုတ်ခြင်းဖြစ်ပြီး ကျောင်းတွင်းစိုက်သီးနှံများ အပါအဝင် ဒေသထွက် လတ်ဆတ်သော အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို မီနူးများတွင်ပါစေပြီး ကျွေးမွေးနိုင်ရန် သေချာစွာစီစဉ်ထားပါသည်။ DPS သည်အစားအသောက်များကို လျှော့ဈေး (သို့) မိသားစု၏ ဝင်ငွေနှင့်လူဦးရေကိုလိုက်၍ အခမဲ့ကျွန်ုပ်တို့ကျွေးမွေးနိုင်ရန် ခွင့်ပြုပေးသော အမျိုးသားကျောင်းနေ့လည်စာ အစီအစဉ်တွင်လည်းပါဝင်သည်။

ကျွန်ုပ်တို့၏ နံနက်စာ (သို့) နေ့လည်စာအစီအစဉ်များ နှင့်ပတ်သက်၍ပိုမိုသိလိုပါက foodservices.dpsk12.org သို့ဝင်ရောက်ပါ၊ ယင်းနေရာတွင်အခမဲ့နှင့်/(သို့) နေ့လည်စာလျှော့ဈေးအစီအစဉ်ကိုလျှောက်ထားရန်၊ အစားအသောက်အတွက် အွန်လိုင်းငွေချေမှုအတွက် ငွေထည့်ရန်နှင့် မီနူးတွင်ရှိသော အရာများကိုကြည့်ရန် တို့ပြုလုပ်နိုင်ပါသည်။

# ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ

### DENVER ကျန်းမာရေး ကျောင်းအခြေခံသော ကျန်းမာရေးစင်တာများ

DPS သည် Denver ကျန်းမာရေး ကျောင်းအခြေခံသော ကျန်းမာရေးစင်တာများ ၁၈ ခုကို လည်ပတ်မှုပြုလုပ်သည်။ ယင်းတို့သည် ကျောင်းသားများ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် သွားရောက်နိုင်သော ဆေးခန်းများဖြစ်သည်။ မိဘလက်မှတ်ရေးထိုးထားသော သဘောတူညီမှုပုံစံကို တင်သွင်းပြီးသော မည်သည့်ကျောင်းသားမဆို ထိုစင်တာများတွင် ဝန်ဆောင်မှုများကို ကျောင်းချိန်အတွင်း လာရောက်အသုံးပြုနိုင်သည်။ ကျောင်းသားများအတွက် ရနိုင်သောဝန်ဆောင်မှုများမှာ ကာယစစ်ဆေးခြင်းနှင့် အားကစားကာယ၊ ထိခိုက်မှု (သို့) နာမကျန်းမှု၊ ကာကွယ်ဆေးထိုးခြင်း၊ ဓါတ်ခွဲခန်းစစ်ဆေးခြင်း၊ ဆေးညွှန်းနှင့်ဆေးဝါးများ၊ စိတ်ကျန်းမာရေးအကြံပေးခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွါးကျန်းမာရေး စောင့်ရှောက်မှု နှင့် ကျန်းမာရေး အာမခံလျှောက်ထားခြင်း တို့ပါဝင်သည်။ ကျန်းမာရေးစင်တာများသည် အောက်ဖေါ်ပြပါ ပရဂုတ်များတွင် တည်ရှိသည်။ ပိုမိုသိလိုပါက denverhealth.org သို့ဝင်ရောက်ပါ။

- Abraham Lincoln High School, 2285 S. Federal Blvd.
- Bruce Randolph ကျောင်း၊ 3955 Steele St.
- East High School, 1600 City Park Esplanade
- Evie Dennis ပရဂုတ်၊ 4800 Telluride St.
- Florence Crittenton, 55 S. Zuni St.
- John F. Kennedy အထက်တန်းကျောင်း၊ 2855 S. Lamar St.
- Kepner ပရဂုတ်၊ 911 S. Hazel Court
- Kunsmiller အနုပညာအကယ်ဒမီ 2250 S. Quitman Way
- Lake ပရဂုတ်၊ 1820 Lowell Blvd.
- Manual အထက်တန်းကျောင်း၊ 1700 E. 28th Ave.
- Dr. Martin Luther King, Jr. Early ကောလိပ်, 19535 E. 46th Ave.
- Montbello ပရဂုတ်၊ 5000 Crown Blvd.
- North အထက်တန်းကျောင်း၊ 2960 Speer Blvd.
- Rachel B. Noel ပရဂုတ်၊ 5290 Kittredge St.
- Place Bridge အကယ်ဒမီ၊ 7125 Cherry Creek Drive North
- South အထက်တန်းကျောင်း၊ 1700 E. Louisiana Ave.
- Thomas Jefferson, 3950 S. Holly St.
- West ပရဂုတ်၊ 951 Elati St.

### MEDICAID နှင့် SNAP အကူအညီ

DPS ဆေးဘက်ဆိုင်ရာဌာနသည် အခမဲ့ (သို့) စျေးသက်သာသော ကျန်းမာရေးအာမခံ နှင့် ဖြည့်စွက်အာဟာရအကူ အစီအစဉ် (SNAP) ကို လျှောက်ထားရာတွင် ကူညီသည်။ ကျွန်ုပ်တို့သည် မိသားစုများကိုသူတို့၏ အခွင့်အရေးများကို အသုံးချရန်ကူညီသည်။ တစ်နှစ်ပတ်လုံးတွင် မည်သည့် DPS ကျောင်းတွင်မဆို မိသားစုများသည် တိုက်ရိုက်တွေ့ဆုံနိုင်သော ချိန်းဆိုမှုများကို ပြုလုပ်နိုင်သည်။

Medicaid နှင့် SNAP အကူနှင့်ပတ်သက်၍ ပိုမိုသိလိုပါက ၇၂၀-၄၂၃-၃၆၆၁ (သို့) outreach@dpsk12.org သို့အီးမေးလ်ပို့ပါ။

# မသန်မစွမ်းကျောင်းသားများ

### အထူးပညာရေး

ချာတာကျောင်းများအပါအဝင် DPS ကျောင်းအားလုံးသည် အနည်းငယ်မှ အတော်အသင့်လိုအပ်ချက်များ ရှိသော မသန်မစွမ်းကျောင်းသားများ၏ ထူးခြားသောလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် စဉ်ဆက်မပြတ်သော ဝန်ဆောင်မှုများကို ပေးနေပါသည်။ ရွေးထားသောကျောင်းများတွင် ဗဟိုအခြေခံအစီအစဉ်များ လုပ်ဆောင်ပေးထားပြီး ယင်းတို့ကို ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်များပေါ် တွင်အခြေခံ၍ တစ်ဦးစီအတွက် ပြုလုပ်ထားသော ပညာရေးအစီအစဉ် (IEP) မှတဆင့် ဝင်ရောက်နိုင်သည်။

IEP ဆိုသည်မှာ ကျောင်းသားများအတွက် ပေးသော အထူးစီမံပြုလုပ်ထားသော ဝန်ဆောင်မှုများဖြစ်သည်။ ယင်းတွင် အထူးသင်တန်းဆင်း နှင့်လိုင်စင်ရထားသော အထူးပညာရေးဆရာများ နှင့် လေ့လာကျွမ်းကျင်သူများ၏ ညွှန်ကြားချက်များ ပါဝင်သည် (နားမကြား/လေး နှင့် မျက်စိကောင်းစွာမမြင်သူများ အပါအဝင်)။ ကျောင်းသားများသည် သူနာပြုများ၊ စိတ်ကျန်းမာရေးအတွက် လုပ်ဆောင်ပေးသူများ၊ စကားပြော/ဘာသာစကား နှင့် ကိုယ်ကာယလှုပ်ရှားမှု ကူသပေးသူများထံမှ ပံ့ပိုးမှုများကို လည်းရနိုင်ပါသည်။

သတ်မှတ်ချက်ပြည့်မီမှုသည် အချို့သောမသန်မစွမ်းမှုများ နှင့်ဆက်စပ်သော စံ ကိုသုံးသည့် ယခင်ကပြုလုပ်ထားသည့် အကဲဖြတ်ခြင်းမှ ဆုံးဖြတ်သည်။ ဤအကဲဖြတ်လုပ်ငန်းစဉ်တွင် မိသားစုများသည် သူတို့ကလေး၏ သတ်မှတ်ချက်ပြည့်မီမှု နှင့် ဂန်ဆောင်မှုရွေးချယ်မှုများနှင့် ပတ်သက်သော အကြောင်းအရာများကို သိရှိသည်။ အကယ်၍သင့်ကလေးသည် အထူးပညာရေးဂန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသည်ဟု ယုံကြည်ပါက အကဲဖြတ်ခြင်းနှင့်ပတ်သက်၍ စုံစမ်းရန် သင့်ကျောင်းကိုဆက်သွယ်ပါ။

### ပြန်ထည်ထူထောင်ရေး အက်ဥပဒေ အပိုင်း ၅ဂ၄

အပိုင်း ၅ဂ၄ သည် ဖက်ဒရယ်နိုင်ငံသား အခွင့်အရေးဥပဒေဖြစ်သည်၊ ယင်းသည် မသန်မစွမ်းကျောင်းသားများသည် ပုံမှန်ရွယ်တူတစ်ယောက်ကဲ့သို့ "တူသောရလဒ်ကိုရရှိရန်၊ တူသောအကျိုးခံစားခွင့်ကိုရရှိရန် (သို့) တန်းတူအောင်မြင်မှုရရှိရန်" တို့အတွက်ပြုမူခွင့်ရှိစေသည်။ ကျောင်းသားတစ်ယောက်ကို အရည်အချင်းပြည့်မီရန်အတွက် ကျောင်း၏ အပိုင်း ၅ဂ၄ ညှိနှိုင်းရေးမှူး ထံသို့ရည်ညွှန်းမည်။ အပိုင်း ၅ဂ၄ အဖွဲ့သည် အရည်အချင်းပြည့်မီမှုကို စည်းဝေးဆုံးဖြတ်မည်။ အကယ်၍ထိုကျောင်းသားသည် အရည်အချင်းပြည့်မီပါက အပိုင်း ၅ဂ၄ အဖွဲ့သည် ထိုကျောင်းသား၏ မသန်မစွမ်းမှု(များ)ကြောင့် ဖြစ်သောအတားအဆီးများကို လျော့ပါးစေရန် နေရာချထားမှု၊ ဂန်ဆောင်မှု နှင့်နေရာထိုင်ခင်းအတွက် ဆုံးဖြတ်ပေးလိမ့်မည်။ ပိုမိုသိလိုပါက studentequity.dpsk12.org သို့ဂင်ရောက်ပါ (သို့) သင့်ကျောင်းသို့ ဖုန်းခေါ် ပါ။






# ကြိုပို့ဝန်ဆောင်မှု

ကြိုပို့ဝန်ဆောင်မှုများ၏ တာဝန်မှာ ကျွန်ုပ်တို့ကျောင်းသားများကို လုံခြုံသော၊ သာတူညီမျှဖြစ်သောနှင့် အကျိုးဖြစ်ထွန်းနိုင်သော ကြိုပို့ဝန်ဆောင်မှု များကိုပေးရန်ဖြစ်သည်။ ကျောင်းလုံခြုံရေးသည် ကြီးကျယ်သော သင်ယူမှုအတွေ့အကြုံတစ်ခုတွင် ပထမဆုံးခြေလှမ်းဖြစ်ပြီး ကလေးတိုင်းအောင်မြင်သည် ကိုဖြစ်စေရန် အထောက်အကူပေးသည်။

## ကြိုပို့ဝန်ဆောင်မှု ပေးကမ်းချက်များ

### ပုံမှန်ကြိုပို့ဝန်ဆောင်မှု

**မူလတန်းကျောင်းသားများ (အဆင့် K-၅)** သည် သူတို့ရပ်ကွက်နယ်နိမိတ်ကျောင်းသို့ တက်ရောက်ပြီး ကျောင်းမှ ၁ မိုင်ထက်ပိုဝေးသောနေရာတွင် နေထိုင်ပါက ပုံမှန်ကျောင်းကားစီးရန်အတွက် အရည်အချင်းပြည့်မီသည်။

**အလယ်တန်းကျောင်းသားများ (အဆင့် ၆-၈)** သည်သူတို့ရပ်ကွက်နယ်နိမိတ်ကျောင်းသို့ တက်ရောက်ပြီး ကျောင်းမှ ၂ မိုင်ခွဲ ထက်ပိုဝေးသောနေရာတွင် နေထိုင်ပါက ပုံမှန်ကျောင်းကားစီးရန်အတွက် အရည်အချင်းပြည့်မီသည်။

**အထက်တန်းကျောင်းသားများ (အတန်း ၉-၁၂)** သည်သူတို့ရပ်ကွက် နယ်နိမိတ်ကျောင်းသို့ တက်ရောက်ပြီး ကျောင်းမှ ၂ မိုင်ခွဲ ထက်ပိုဝေးသောနေရာတွင် နေထိုင်ပါက အခမဲ့လစဉ် ဒေသဆိုင်ရာ ကြိုပို့ဝန်ဆောင်မှု ဒေသ (RTD) ပတ်စ်တစ်ခုရရှိရန် အရည်အချင်းပြည့်မီသည်။

### စာရင်းသွင်းဇုန်များ

စာရင်းသွင်းဇုန်များအတွင်းတွင် နေထိုင်သောကျောင်းသားများသည် ယင်းဇုန်အတွက်သီးသန့်ဖြစ်သော ကြိုပို့ဝန်ဆောင်မှုကိုရရှိသည်။ transportation.dpsk12.org တွင်ရှိသော "Families and Students Eligibility and Routing (မိသားစုနှင့် ကျောင်းသားများ အရည်အချင်းပြည့်မီမှုနှင့် လမ်းကြောင်း)" အပိုင်းအောက်တွင်ရှိ စာရင်းသွင်းဇုန် စာမျက်နှာကို ဝင်ရောက်ပါ။

## အစိုးရထောက်ပံ့ကျောင်း

အစိုးရထောက်ပံ့ကျောင်းများသည် သူတို့၏ကိုယ်ပိုင် ကြိုပို့ဝန်ဆောင်မှု မူဝါဒနှင့် သူတို့၏ကျောင်းသားများကို ကြိုပို့ဝန်ဆောင်မှု ပေးရာတွင် DPS နှင့်အတူ ကန်ထရိုက်လုပ်မည် မလုပ်မည်ကိုလည်း ဆုံးဖြတ်သည်။ အစိုးရထောက်ပံ့ကျောင်းတစ်ကျောင်းစီ၏ ကြိုပို့ဝန်ဆောင်မှုကိုသိရှိရန်အတွက် သင့်ကျောင်းကို တိုက်ရိုက်မေးမြန်းပါ။

## သံလိုက် ကျောင်းများ

သံလိုက်အစီအစဉ်ကိုစာရင်းသွင်းထားသော ကျောင်းသားများအားလုံးသည် ကြိုပို့ဝန်ဆောင်မှု အရည်အချင်းပြည့်မီသည့် စံနှင့်ကိုက်ညီပြီး သံလိုက် ကြိုပို့ဝန်ဆောင်မှုဇုန်အတွင်းတွင် နေထိုင်ပါက ကြိုပို့ဝန်ဆောင်မှုကိုရနိုင်ပါသည်။

## အခြားကြိုပို့ဝန်ဆောင်မှုအတွက် ထည့်သွင်းစဉ်းစားချက်များ

### အထူးပညာရေး

ကြိုပို့ဝန်ဆောင်မှုအတွက် ကျောင်းကားဖြင့်ဆောင်ရွက်ပေးသည်သာမက အထူးလိုအပ်ချက်များရှိသော ကျောင်းသားများအတွက် ကြိုပို့ဝန်ဆောင်မှုကို ဘေးဂန်ဆောင်မှုပေးသူဖြစ်သော အမေရိကန်ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီ (ALC) ဖြင့်လည်း ဆောင်ရွက်ပေးသည်။ ကြိုပို့ဝန်ဆောင်မှုသည် ဗဟိုအခြေခံသောအစီအစဉ်တွင်ပါဝင်သော ကျောင်းသားကို သက်ဆိုင်သော ဂန်ဆောင်မှု အနေဖြင့်ပေးသည်။ အထူးလိုအပ်ချက်များရှိသော ကလေးအတွက်ကြိုပို့ဝန်ဆောင်မှုနှင့် ပတ်သက်၍သိလိုပါက ၇၂၀-၄၂၃-၃၄၃၇ (သို့) StuTrans@dpsk12.org သို့အီးမေးလ်ပို့ပါ။

ရနိုင်သောဝန်ဆောင်မှု အကြောင်းအရာများနှင့် မည်သူ့ကိုဆက်သွယ် မေးမြန်းရမည်ကို သိရှိရန် transportation.dpsk12.org သို့ဝင်ရောက်ပါ။ သင့်ကျောင်းသား၏ ဘတ်စ်လမ်းကြောင်းနှင့် +Pass အကြောင်းအရာများကို ကြည့်ရန်နှင့် ချွင်းချက်တောင်းဆိုခြင်းကို တင်သွင်းရန် မိဘပေါ်တယ်သို့ လော့ဂ်အင်လုပ်ပါ။

## အင်္ဂလိပ် ဘာသာစကား တတ်မြောက်မှု

နယ်နိမိတ်ကျောင်းများသည် အင်္ဂလိပ် ဘာသာစကား တတ်မြောက်ရေး (ELA) ဝန်ဆောင်မှုကို မပေးသည့်အခါ ကျောင်းသားများသည် သူတို့နေထိုင်သည့်နေရာရှိ ELA ဝန်ဆောင်မှု ပေးသောကျောင်းကို တက်ရောက်ရန်နှင့် ထိုကျောင်းအတွက် ကြိုပို့ဝန်ဆောင်မှုကိုရရှိရန် အရည်အချင်း ပြည့်မီသည်။ ELA ကျောင်းတည်နေရာများနှင့် ကြိုပို့ဝန်ဆောင်မှု ညွှန်ကြားချက်များအတွက် ela.dpsk12.org သို့ဝင်ရောက်ပါ။

## ချွင်းချက်တောင်းဆိုခြင်းများ

ကျောင်းကားစီးရန် အရည်အချင်းမပြည့်မီသော ကျောင်းသားများ၏မိသားစုများသည် သူတို့၏ကျောင်းသားအတွက် ကြိုပို့ဝန်ဆောင်မှုများကို ထည့်သွင်းစဉ်းစားပေးရန် တောင်းဆိုမှုကို တင်သွင်းနိုင်သည်။ ဤလုပ်ငန်းစဉ်ကို ချွင်းချက်တောင်းဆိုခြင်း လုပ်ငန်းစဉ်ဟုခေါ်သည်။ ထပ်မံအချက်အလက်များကို transportation.dpsk12.org/eligibility-and-routing/exception-request-process တွင်တွေ့ရှိနိုင်ပါသည်။

### +Pass

+Pass သည်ကျောင်းသားများ ကျောင်းကားကို အတက်အဆင်းလုပ်သောအခါ ကဒ်ဖတ်စက်ဖြင့်ဖတ်ရန် လိုအပ်သော ကဒ်တစ်ခုဖြစ်သည်။ မဖြစ်မနေလုပ်ရမည့် +Pass အစီအစဉ်ကို မိဘများက သူတို့ကျောင်းသားမည်သည့်အချိန် နှင့် နေရာတွင် ဘတ်စ်မှအဆင်းအတက် လုပ်သည်ကို သိရှိရန် ဖန်တီးထားသည်။ DPS တွင်ကျောင်းကားစီးသော ကြိုပို့ဝန်ဆောင်မှု အရည်အချင်းပြည့်မီသည့် ကျောင်းသားတိုင်းသည် သူတို့၏ +Pass ကိုနေ့စဉ်အသုံးပြုရမည်။ နောက်ထပ် အချက်အလက်များကို transportation.dpsk12.org/pluspass တွင်တွေ့ရှိနိုင်ပါသည်။

## ဘတ်စ်သတင်းလွှာ

ကျောင်းကားစီးသော ကျောင်းသားများ၏ မိသားစုများသည် သူတို့ကျောင်းသား၏ ဘတ်စ်ဝန်ဆောင်မှုနှင့် ပတ်သက်၍ လက်ရှိအချိန်အတွက် နောက်ဆုံးအချက်အလက်များကို ဘတ်စ်သတင်းလွှာမှတဆင့် ရရှိမည်။ ဘတ်စ်များသည် ယာဉ်ကြောပိတ်ဆို့ခြင်း အရေးပေါ် (သို့) ရာသီဥတုကြောင့် ၁၅ မိနစ်ထက်ပို၍နောက်ကျပါက မိသားစုများကို စာ၊ အီးမေးလ်နှင့် စကားဖြင့်အသိပေးမှုများကို ပေးပို့မည်။ ကြိုပို့ဝန်ဆောင်မှုအရည်အချင်းပြည့်မီသော ကျောင်းသားများ၏ မိသားစုများသည် သူတို့ကျောင်းသားကို ကျောင်းအပ်သောအခါ ပေးထားသော ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာပေါ်တွင်အခြေခံ၍ ဘတ်စ်သတင်းလွှာကိုရရှိရန် အလိုလျှောက်စာရင်းသွင်းပြီးဖြစ်သည်၊ ယင်းအချက်အလက်များကို မိဘပေါ်တယ်သို့ လော့ဂ်အင်လုပ်၍ ပြင်ဆင်နိုင်သည်။

သင့်ကျောင်းသား၏ ကြိုပို့ဝန်ဆောင်မှုရွေးချယ်စရာများနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကိုသိရှိရန် သင့်ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ။





# မူဝါဒများ နှင့် လုပ်ငန်းစဉ်များ



DPS တွင်ကျွန်ုပ်တို့၏ ထိပ်ဆုံးဦးစားပေးမှုသည် သင့်ကျောင်းသားကို လုံခြုံပြီး မွန်မြတ်သောပတ်ဝန်းကျင်တွင် ပညာသင်ယူနိုင်ရန်ဖြစ်သည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ကျောင်းသားအပြုအမူ ကျောင်းလုံခြုံရေးနှင့် မိဘလမ်းပြမှုတို့နှင့် ပတ်သက်သော အရေးကြီးသည့်မူဝါဒများကို ထားရှိခြင်းဖြစ်သည်။ ကျောင်းစာရင်းသွင်းခြင်း၊ ကျောင်းသားမှတ်တမ်းများ၊ ဘာသာပြန်ချက်များနှင့် စကားပြန်ဆိုချက်များ နှင့်အခြားအရာများအပါအဝင်နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိသားစုများက ပံ့ပိုးမှုအပြည့်အဝရရှိသည်ဟု ခံစားရအောင်လုပ်ငန်းစဉ်များကိုလည်း ပြုလုပ်ထားပါသည်။

ဤအပိုင်းတွင် ကျောင်းသားများနှင့်မိသားစုများ အသုံးအများဆုံးဖြစ်သော မူဝါဒနှင့်လုပ်ငန်းစဉ်များ၏ အကျဉ်းချုပ်ကို ဖော်ပြထားသည်။

## ဤအပိုင်းတွင်


တက်ရောက်မှု ........ 30
အနိုင်ကျင့်ခြင်း နှင့် လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်း ........ 31
စည်းကမ်း ........ 32
စာရင်းသွင်းမှု ........ 33
နှောက်ယှက်ခြင်း နှင့် ခွဲခြားဆက်ဆံမှုပြုခြင်း ........ 34
ကျန်းမာရေး နှင့် ကျန်းမာခြင်း ........ 35
အင်တာနက် နှင့် လူမှုမီဒီယာ ........ 36
မဖြစ်မနေသတင်းပို့သူများ ........ 36
မိဘအပြုအမူ ........ 37
ကျောင်းသားအပြုအမူ ........ 37
ကျောင်းသားမှတ်တမ်းများ ........ 38
ကျောင်းလုံခြုံရေး ........ 39
ဘာသာပြန်ဆိုမှုများနှင့် စကားပြန်ဆိုမှုများ ........ 40
ရာသီဥတု ........ 41
ဧည့်သည်များ နှင့် စေတနာ့ဝန်ထမ်းများ ........ 41

# တက်ရောက်မှု

ကျောင်းသားများသည် ကောလိပ်နှင့် အလုပ်အကိုင်အတွက် အဆင်သင့်ဖြစ်ရန်လိုအပ်သော ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် ယုံကြည်မှုရရှိအောင် ကျောင်းကိုနေ့စဉ်မှန်မှန် တက်ရောက်ဖို့ အလွန်အရေးကြီးသည်။ Colorado ကျောင်း၏တက်ရောက်မှုဥပဒေများအရ ကျောင်းသားများသည် ကျောင်းကိုအသက် ၁၇ နှစ်အထိ တက်ရောက်ရန်လိုအပ်သည်။

**ဥပဒေနှင့်လျော်ညီရန် ကျောင်းသားများသည် ကျောင်းကို သတ်မှတ်ထားသော အနည်းဆုံး နာရီအရေအတွက် တက်ရောက်ရမည်။ အနည်းဆုံးလိုအပ်သော နာရီအရေအတွက်များမှာ -**

- အလယ်တန်းနှင့်အထက်တန်းတွင် ၁,၀၅၆ နာရီ။
- မူလတန်းတွင် ၉၆၈ နာရီ။
- ရက်ပြည့် သူငယ်တန်းတွင် နာရီ ၉၀၀၊ (သို့) နေ့ဝက် သူငယ်တန်းတွင် နာရီ ၄၅၀။

**COLORADO ကျောင်းတက်ရောက်မှု ဥပဒေမှ ကင်းလွတ်ခွင့်များ -**

- ယာယီထိခိုက်ဒဏ်ရာရမှု (သို့) နာမကျန်းမှု။
- ကိုယ်ပိုင်ကျောင်းတစ်ကျောင်းတွင် စာရင်းသွင်းထားခြင်း။
- ကိုယ်၊ စိတ်နှင့် စိတ်ခံစားမှုဆိုင်ရာ မစွမ်းဆောင်နိုင်မှု၊
- ရပ်ဆိုင်းမှု၊ ထုတ်ပယ်ခြင်း (သို့) ကျောင်းအပ်ခြင်းကိုငြင်းဆိုခြင်း။
- အလုပ်အတွက် လက်မှတ်
- ပြည်သူ့အေဂျင်စီမှ ဥပဒေရေးရာအုပ်ထိန်းထားမှု
- ဘာသာရေးဆိုင်ရာပိတ်ရက်များ (သို့) လိုက်နာမှု
- ကျောင်းမှအတည်ပြုထားသော အလုပ်ကျောင်းသားအစီအစဉ်။
- အိမ်အခြေခံသော ညွှန်ကြားချက်။

## လက်ခံနိုင်သော ပျက်ကွက်မှုများ

လက်ခံနိုင်သော ပျက်ကွက်မှုတစ်ခုသည် မိဘ (သို့) အုပ်ထိန်းသူနှင့်ကျောင်း နှစ်ဘက်စလုံး၏ သဘောတူညီချက်လိုအပ်သည်။ အချို့သောအခါများတွင် မိဘ (သို့) အုပ်ထိန်းသူ၊ (သို့) ကျန်းမာရေးစောင့်ရှောက်သူထံမှ မှတ်ချက် ကဲ့သို့သော စာရွက်စာတမ်းလိုအပ်နိုင်သည်။

## ကျောင်းပြေးခြင်းနှင့် ကျောင်းပြေးလေ့ရှိခြင်း

ကျောင်းပြေးခြင်းသည် လက်မခံနိုင်သောပျက်ကွက်မှု (သို့) မိဘ၊ အုပ်ထိန်းသူ (သို့) ကျောင်း၏ ခွင့်ပြုမှုမပါသော ပျက်ကွက်မှုတစ်ခုဖြစ်သည်။ ကျောင်းသားတစ်ယောက်သည် လက်မခံနိုင်သောပျက်ကွက်မှု တစ်လတွင် လေးကြိမ် နှင့်/(သို့) တစ်နှစ်တွင် ၁၀ ကြိမ်ရှိပါက ထိုကျောင်းသားကို ကျောင်းပြေးလေ့ရှိသူဟု ယူဆသည်။

ကျောင်းသားပျက်ကွက်မှုကို ကျောင်းများသည် မိဘ (သို့) အုပ်ထိန်းသူများထံ တယ်လီဖုန်း၊ စာ၊ အစည်းအဝေး (သို့) အိမ်သို့လာရောက်ခြင်းဖြင့် အသိပေးမည်။ ကျောင်းပြေးလေ့ရှိသော ကျောင်းသားတစ်ယောက်၏မိဘကို ပံ့ပိုးရန် DPS သည်ယင်းကျောင်းသား၏ ကျောင်းပျက်ရသည့် အကြောင်းရင်းများကို နားလည်သိရှိအောင် လုပ်သည်။ ကျွန်ုပ်တို့သည် ကျောင်းသား၏မိသားစုနှင့်တွေ့ဆုံခြင်း၊ အကြံပေးခြင်း၊ သင်ကြားပေးခြင်း၊ ပံ့ပိုးအစီအစဉ်ကိုလွှဲပြောင်းပေးခြင်း (သို့) တက်ရောက်မှု (သို့) ဆေးဘက်ဆိုင်ရာအစီအစဉ်ကို အကောင်အထည်ဖေါ်ခြင်း များပါဝင်သော ပံ့ပိုးမှုများကိုပေးရန် လုပ်ဆောင်ပေးမည်။ ကျောင်းသားသည် ကျောင်းကိုဆက်လက်၍တက်ရောက်ခြင်း မရှိပါက ကျောင်းပြေးမှုစီရင်သော တရားရုံးသို့ ဆက်လက်ဆောင်ရွက်မှုအတွက် ပေးပို့နိုင်သည်။

# အနိုင်ကျင့်ခြင်း နှင့် လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်း

ကျောင်းသားအားလုံးသည် ခြိမ်းခြောက်မှု၊ နှောက်ယှက်မှု (သို့) လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်း အပါအဝင် မည်သည့်အနိုင်ကျင့်ခြင်း မျိုးမဆိုမှ ကင်းလွတ်သော ပတ်ဝန်းကျင်တွင် ပညာသင်ယူနိုင်ရမည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

## အနိုင်ကျင့်ခြင်း နှင့် လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်း ဆိုတာဘာပါလဲ?

အနိုင်ကျင့်ခြင်းသည် အကျပ်ကိုင်ခြင်း (သို့) ခြိမ်းခြောက်မှုကိုသုံး၍ အခြားတစ်ယောက်ကို ထိန်းချုပ်ထားခြင်း (သို့) အခြားတစ်ယောက်ကို ကိုယ်၊ စိတ် (သို့) စိတ်ခံစားမှုကို ထိခိုက်စေခြင်းဖြစ်သည်။ အနိုင်ကျင့်ခြင်းသည် စာဖြင့်၊ နှုတ်ဖြင့် (သို့) လိုင်းပေါ်တွင် (သို့) ကိုယ်ထိလက်ရောက် (သို့) ဟန်အမူအရာဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်။ အနိုင်ကျင့်ခြင်းသည် နှောက်ယှက်မှုဟုသတ်မှတ်ထားပြီး လူမျိုး၊ အသားအရောင်၊ ကျားမဖြစ်တည်မှု၊ လိင်တိမ်းညွှတ်မှု၊ ကျားမဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ (သို့) ဖော်ပြချက်၊ လိင်လွှဲပြောင်း အခြေအနေ၊ ဘာသာရေး၊ နိုင်ငံသား ဇာတိ၊ ပြည်တွင်းလာရောက် နေထိုင်မှု/နိုင်ငံသားအဆင့်၊ မျိုးရိုး၊ အသက်၊ အိမ်ထောင်ရှိမရှိ၊ ကိုယ်ဝန်ရှိမရှိ၊ ဝါရင့်အတွေ့အကြုံရှိခြင်း အခြေအနေ (သို့) မသန်မစွမ်းနိုင်မှု များပေါ်တွင်အခြေခံသည့်အခါ နိုင်ငံသား အခွင့်အရေးများကို ချိုးဖောက်မှု ဖြင့်အရေးယူမည်။

လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်းသည် လက်ကိုင်ဖုန်း (သို့) လျှပ်စစ်ကိရိယာ တစ်ခုခုမှတဆင့် မည်သည့်နှောက်ယှက်မှုမျိုး (သို့) အနိုင်ကျင့်ခြင်းမျိုး မဆိုပြုလုပ်ခြင်းဖြစ်သည်။ ယင်းတွင် စာများ၊ ဗွီဒီယိုများ (သို့) ရုပ်ပုံများကို အီးမေးလ်၊ ချက်ရွှန်းများ၊ ချက်ချင်းပို့စာတို၊ ဘလောက်များ၊ စာတို၊ ဂိမ်းဆိုက်များ (သို့) လူမှုမီဒီယာများ မှတဆင့်ပေးပို့ခြင်းတို့ ပါဝင်သည်။

## ကျောင်းသားများကို ကာကွယ်ရန်မူဝါဒများနှင့် လုပ်ငန်းစဉ်များ

ကျောင်းသားများကို အနိုင်ကျင့်ခြင်း နှင့် လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်းတို့မှ ကာကွယ်ရန် DPS တွင်မူဝါဒများနှင့် လုပ်ငန်းစဉ်များစွာ တို့ကိုထားရှိသည်။


- DPS ကျောင်းများ၊ ကျောင်းမြေနေရာများ၊ ကျောင်းကားပေါ်တွင် (သို့) အခြား DPS အတည်ပြုထားသောယာဉ်များ (သို့) အားကစားပွဲ (သို့) တိုးချဲ့သင်ယူမှုအစီအစဉ်များ စသောကျောင်းလှုပ်ရှားမှုများ အတွင်းတွင် အနိုင်ကျင့်ခြင်းကို သည်းခံမည်မဟုတ်ပါ။
- အနိုင်ကျင့်ခြင်းအပြုအမူများတွင် ပါဝင်သော ကျောင်းသားများကို စည်းကမ်းလိုက်နာမှုဆိုင်ရာဖြင့် အရေးယူမည်ဖြစ်ပြီး ယင်းတွင် ကျောင်းမှရပ်ဆိုင်းမှု၊ ထုပ်ပယ်ခြင်း နှင့်/(သို့) ဥပဒေဖြင့်အရေးယူရန် လွှဲပြောင်းပေးမှု တို့ပါဝင်သည်။
- ကျောင်းအားလုံးတွင် အနိုင်ကျင့်ခြင်းအပြုအမူများတွင် ပါဝင်သော ကျောင်းသားများကို စုံစမ်းစစ်ဆေးခြင်းနှင့် ကြားဖြတ်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များရှိသည်။ အစီအစဉ်နည်းလမ်းများတွင် သင်ယူရန်လက်ခံနိုင်သောအပြုအမူ၊ ဆွေးနွေးမှုများတွင် ပါဝင်စေခြင်း၊ အကြံပေးတွေ့ဆုံခြင်းများတွင်ပါဝင်စေခြင်း နှင့်သင့်လျော်သော အကျိုးဆက်များနှင့် ပံ့ပိုးမှုများကို အကောင်အထည်ဖော်ခြင်း တို့ပါဝင်သည်။
- အနိုင်ကျင့်ခြင်းကိုကာကွယ်ရန် ဆရာများနှင့် မိဘ (သို့) အုပ်ထိန်းသူများကို ကူညီရန်အတွက် သင်ရိုးညွှန်းတမ်းနှင့် သင်တန်းများလည်း ရနိုင်ပါသည်။
- အနိုင်ကျင့်ခြင်းကိုခံရသော ကျောင်းသားများနှင့် မိသားစုများကို ကူညီရန် ကျောင်း စိတ်ပညာရှင်များနှင့် လူမှုရေးလုပ်သားများ ရှိပါသည်။

### မိသားစုများက ဘယ်လိုကူညီနိုင်သလဲ?

သင့်ကျောင်းတွင် အနိုင်ကျင့်ခြင်းနှင့် ပတ်သက်၍စိတ်ပူပန်မှုရှိပါက သင့်ကျောင်း၏ ကျောင်းအုပ်၊ လူမှုရေးလုပ်သား၊ ကျောင်း စိတ်ပညာရှင် (သို့) ဆရာအား တိုက်ရိုက်ဆက်သွယ်ပြီး ယင်းကိစ္စကိုပြောဆိုပါ။ သင့်ကျောင်းသားကို အနိုင်ကျင့်ခြင်းနှင့် ပတ်သက်၍ပြောဆိုပြီး အကယ်၍ သူ (သို့) သူမသည် အနိုင်ကျင့်ခြင်း (သို့) လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်း ခံရပါက ယုံကြည်ရသောလူကြီး (သို့) အခြားကျောင်းသားတစ်ယောက်အား အမြဲပြောရန်သင်ပေးပါ။ **အွန်လိုင်းတွင် အနိုင်ကျင့်ခြင်း နှင့် လိုင်းပေါ်တွင်အနိုင်ကျင့်ခြင်းနှင့်ပတ်သက်၍ ပိုသိလိုပါက အောက်ပါအရင်းအမြစ်များသို့သွားရောက်ပါ -**

- Cyberbullying.org
- Stopbullying.gov
- Safeschools.state.co.us
- Commonsensemedia.org

သင့်ကိုခြိမ်းခြောက်သော အနိုင်ကျင့်ခြင်းအပြုအမူတစ်ခုခုကို သင်သည်အမည်ဝှက်ဖြင့် Safe2Tell သို့ဖုန်း ၈၇၇-၅၄၂-၇၂၃၃ သို့ခေါ်ခြင်း၊ Safe2tell.org သို့ဝင်ရောက်ခြင်း (သို့) Safe2Tell အက်ပ်ကိုလက်ကိုင်ဖုန်းတွင် အသုံးပြုခြင်းတို့ဖြင့် တိုင်တန်းနိုင်ပါသည်။



# စည်းကမ်း

အကျိုးရှိသော ကျောင်းစည်းကမ်းမူဝါဒသည် အတန်းများကို သင်ယူမှုအထောက်အကူတိုးမြှင့်ရန် နှင့် ကျောင်းသားအားလုံးအတွက် အနှောက်အယှက်ကင်းသော ပညာရေးကိုရစေရန် ကူညီပေးသည်။ ကျွန်ုပ်တို့ကျောင်းများတွင် စည်းကမ်းဆိုင်ရာ အကျိုးဆက်များ ကို အသက်နှင့်သင့်တော်အောင်၊ ကျောင်းသား၏အပြုအမူမှားယွင်းမှု အတိမ်အနက် နှင့် ထိခိုက်စေသောသူတစ်ဦး နှင့်/(သို့) အများအတွက်နစ်နာမှုများနှင့် ချိန်ညှိ၍ ကျိုးကြောင်းဆီလျော်မှု သင့်အောင်ပြုလုပ်ထားသည်။ အကျိုးဆက်များကို အဓိပ္ပါယ်ရှိပြီး တိုးတက်မှုဖြစ်ရန်သင့်တော်သော ညွှန်ကြားမှုများအရ ပြုပြင်စေရာတွင် ကျောင်းသားများသည် သူတို့၏အမှားများမှ သင်ယူပြီး ကျောင်းအဖွဲ့အစည်းသို့ ပေးဆပ်နိုင်သော အခွင့်အရေးကို ရရှိသည်။ ကျောင်းများသည် ယင်းတို့၏ကိုယ်ပိုင် ကျောင်းစည်းမျဉ်းများနှင့် အပြုအမူစည်းကမ်းများ ကို ခရိုင်မူဝါဒနှင့် တစ်သမတ်တည်းဖြစ်သရွေ့ ခံယူကျင့်သုံးနိုင်သည်။

## ရပ်ဆိုင်းမှု၊ ထုတ်ပယ်ခြင်းမူဝါဒ

DPS သည် အထူးသဖြင့်အစောပိုင်းပညာသင်နှစ်များအတွင်း ကျောင်းသားများ၏ ရည်ရှည်အောင်မြင်မှုအခွင့်အလမ်းကို ဆိုးရွားစွာထိခိုက်သောကြောင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ အကြောင်းကြောင့် ကျောင်းသားများကို ကျောင်းမှထုတ်ပယ်ခြင်းကို လက်ခံသည်။ ဥပဒေအရလိုအပ်သည်မှလွဲ၍ တတိယမှ ECE အတန်းတွင်ရှိသော ကျောင်းသားများကို ရပ်ဆိုင်းမှုများလျော့နည်းသွားရန် နှင့် ထုတ်ပယ်ခြင်းပပျောက်ရန် ကျွန်ုပ်တို့၏ စည်းကမ်းပြုပြင်ရေး မူဝါဒကို ပြုပြင်ထားပါသည်။

## မသန်မစွမ်းကျောင်းသားများ

မသန်မစွမ်းကျောင်းသားများသည် ကျောင်းသားစည်းကမ်းလုပ်ငန်းစဉ်များနှင့် ပတ်သက်သော ဥပဒေအောက်၌ ကာကွယ်မှုအချို့ရရှိကြသည်။ ပိုမိုသိလိုပါက သင့်ကျောင်း၏ ၅၀၄ ဆက်စပ်ပေးသူ (သို့) အထူးပညာရေးကိစ္စ မန်နေဂျာနှင့် ဆက်သွယ်ပါ။

စည်းကမ်းနှင့်ပတ်သက်သော ပညာရေးဘုတ်အဖွဲ့၏မူဝါဒများအားလုံးကို သုံးသပ်လိုပါက board.dpsk12.org သို့ဝင်ရောက်ပါ။ ကျောင်း၏မူဝါဒတစ်ခုခုနှင့်ပတ်သက်၍ သိလိုပါကသင့်ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ။ အကယ်၍သင့်ထံတွင် စည်းကမ်းကြောင့် စိတ်ပူပန်စရာများရှိပါက မိသားစုနှင့် အဖွဲ့အစည်းအကူအညီဖုန်း ၇၂၀-၄၂၃-၃၀၅၄ သို့ဆက်ပါ။

# စာရင်းသွင်းမှု

DPS သည်ကျောင်းသားများအားလုံး၌ Denver တွင်နေထိုင်သော နေရာများနှင့်မသက်ဆိုင်ဘဲ ကြိုက်နှစ်သက်သော ကျောင်းများကို သာတူညီမျှ ဝင်ရောက်ခွင့်ရှိသည်ဟု ယုံကြည်သည်။ တက်ရောက်မည့် ကျောင်းသားတိုင်းသည် သူတို့၏ရပ်ကွက်ကျောင်း (သို့) သူတို့၏ စာရင်းသွင်းဇုန်တွင်ရှိ ကျောင်းတစ်ကျောင်း၌ စာရင်းသွင်းမှု ကိုရရန်အာမခံသည်။ သို့သော်ကျောင်းသားတစ်ယောက်သည် နောက်တစ်နှစ်တွင် မတူသော ကျောင်းတစ်ကျောင်းသို့ တက်ရောက်လိုပါက SchoolChoice သို့ဝင်ရောက်နိုင်သည်။ DPS အစီအစဉ်တစ်ခုတွင်ရှိသော မူကြိုကျောင်းသားများအတွက် စာရင်းသွင်းမှုကို အာမ မခံနိုင်ပါ။ မူကြိုမိသားစုများသည် နှစ်အလိုက်လျှောက်ထားရန်လိုသည်။



## သင့် ရပ်ကွက်ကျောင်းကိုရှာပါ

အကယ်၍သင်သည် Denver တွင်နေထိုင်ပြီး သင့်ရပ်ကွက် နယ်နမိတ်ကျောင်းကို မရွေးချယ်ရသေးဘဲ သင့်ကျောင်းသားကို လက်ရှိကျောင်းနှစ်အတွက် စာရင်းသွင်းလိုပါက သင့်လိပ်စာကိုဂန်ဆောင်မှုပေးသော ရပ်ကွက်ကျောင်းကိုတိုက်ရိုက် စာရင်းသွင်းနိုင်သည်။ သင်၏ ရပ်ကွက်ကျောင်းကို သတ်မှတ်ရန် schoolfinder.dpsk12.org သို့ဂင်ရောက်ပါ။ စာရင်းသွင်းလိုပါက ကျောင်းအပ်သည့်နေ့များနှင့် လိုအပ်သောစာရွက်စာတမ်းများ အတွက်ကျောင်းရုံးခန်းကို တိုက်ရိုက်ဆက်သွယ်ပါ။

Denver ၏အချို့နေရာများတွင် ကျောင်းသားများသည် သီးသန့်ကျောင်းတစ်ကျောင်း အတွက်သာမဟုတ်ဘဲ ကျောင်းများစွာထဲမှ တစ်ကျောင်းတွင်ကျိန်းသေ တစ်နေရာရအောင် စာရင်းသွင်းမှု ဇုန်များဖြင့် (သို့) ပထဂီဒေသများအလိုက် ဂန်ဆောင်မှုပေးသည်။ အကယ်၍သင်သည် Denver သို့မကြာမီက ပြောင်းရွှေ့နေထိုင်ပြီး သင်သည် ယခု စာရင်းသွင်းမှုဇုန် အတွင်းတွင် နေထိုင်ပါက (သို့) သင်သည်လက်ရှိကျောင်းနှစ်အတွက် သင့်ရပ်ကွက်ကျောင်း မဟုတ်သော ကျောင်းတစ်ကျောင်းတွင် တက်ရောက်လိုပါက အကောင့်တစ်ခုဖန်တီးရန် schoolchoice.dpsk12.org သို့ဝင်ရောက်ပြီး အွန်လိုင်းလျှောက်လွှာ တစ်စောင်ကို ဖြည့်စွက်ပါ။

## SCHOOLCHOICE

အကယ်၍သင်သည် သင့်ကျောင်းသားကို ရပ်ကွက်ကျောင်း မဟုတ်သော DPS ကျောင်းတစ်ကျောင်း (သို့မဟုတ် သင်လောလောဆယ် တက်ရောက်နေသောကျောင်း) ကို နောက်ကျောင်းနှစ်တွင် တက်ရောက်လိုပါက သင်သည် SchoolChoice တွင်ပါဝင်လုပ်ဆောင်နိုင်သည်။ SchoolChoice လုပ်ဆောင်စဉ် မိသားစုများသည် ကျောင်းသားတစ်ယောက်ကို နှစ်သက်ရာကျောင်းများ စာရင်းပါသော လျှောက်လွှာတစ်စောင် တင်သွင်းရမည်။ DPS သည် ထိုနှစ်သက်ရာ ကျောင်းများပေါ်တွင် အခြေခံ၍ ကျောင်း၏ဂင်ခွင့် ဦးစားပေးမှုများနှင့် ရနိုင်သော နေရာများပေါ်တွင်လည်း တိုက်ဆိုင်ကြည့်သည်။ ကျွန်ုပ်တို့၏ စနစ်ကို ကျောင်းသားအများဆုံး အရေအတွက်သည် သူတို့အနှစ်သက်ဆုံးသော ကျောင်းများတွင် တက်ရောက်နိုင်ရန် ပြုလုပ်ထားသည်။

နောက်ကျောင်းနှစ်အတွက် SchoolChoice ၏အဆိုင်း ၁ ကို ဇန်နဂါရီလလယ်မှ ဖေဖေါ် ဝါရီလလယ်တွင် လုပ်ဆောင်နိုင်သည် သင်အကောင့်တစ်ခုကို ဖွင့်ပြီး schoolchoice.dpsk12.org တွင် လျှောက်လွှာတင် ဝင်းဒိုးကာလအတွင်း အချိန်မရွေး လျှောက်ထားနိုင်ပါသည်။

စာရင်းသွင်းခြင်းနှင့် SchoolChoice နှင့်ပတ်သက်၍ ပိုမိုသိလိုပါက schoolchoice.dpsk12.org သို့ဂင်ရောက်ပါ (သို့) ၇၂၀-၄၂၃-၃၄၉၃ သို့ခေါ် ဆိုပါ။

# နှောက်ယှက်ခြင်း နှင့် ခွဲခြားဆက်ဆံမှုပြုခြင်း

DPS အဖွဲ့အစည်း၏အသင်းဝင်များသည် ဂုဏ်သိက္ခာနှင့် လေးစားမှုတို့ဖြင့် ဆက်ဆံသော ပတ်ဝန်းကျင်တစ်ခုတွင် ပညာသင်ရန် (သို့) အလုပ်လုပ်ရန် ထိုက်တန်သည်။ ကျောင်းများ၊ ကျောင်းမြေနေရာများ၊ DPS ရုံးတည်နေရာများ (သို့) DPS နှင့်ဆက်သွယ်မှုရှိသော အရာများတွင် ခွဲခြားဆက်ဆံမှုပြုခြင်း နှင့် နှောက်ယှက်ခြင်း ကိုလက်မခံပါ။ ဝန်ထမ်းများ၊ ကျောင်းသားများ နှင့် အဖွဲ့ အစည်းအသင်းဝင်များ၏ ခွဲခြားဆက်ဆံမှုပြုခြင်း နှင့် နှောက်ယှက်ခြင်း ကိုသည်းခံမည်မဟုတ်ပါ။

## ခွဲခြားဆက်ဆံမှု မရှိသော မူဝါဒ

ဖက်ဒရယ်ပြည်သူ့ အခွင့်အရေးဥပဒေ (ခေါင်းစဉ် VI, ခေါင်းစဉ် IX, အမေရိကန်နှင့် မသန်မစွမ်းမှုများ ဥပဒေ၊ အပိုင်း ၅၀၄ နှင့် အသက်အလိုက် ခွဲခြားဆက်ဆံမှုပြုခြင်း ဥပဒေ) ပြည်နယ်ဥပဒေ၊ ပညာရေးဘုတ်အဖွဲ့ မူဝါဒများနှင့် တစ်သမတ်တည်းဖြစ်၍ DPS သည် ယင်း၏ပညာရေးအစီအစဉ်များ(သို့) လုပ်ရှားမှုများ (သို့) အလုပ်အကိုင်အတွက် လက်ခံခြင်း၊ ဝင်ရောက်ခြင်း (သို့) သင်ကြားခြင်း၌ လူမျိုး၊ အသားအရောင်၊ ကျားမဖြစ်တည်မှု၊ လိင်တိမ်းညွှတ်မှု၊ ကျားမဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ၊ လိင်လွှဲပြောင်း အခြေအနေ၊ ဘာသာရေး၊ နိုင်ငံသား ဇာတိ၊ ပြည်တွင်းလာရောက် နေထိုင်မှု/နိုင်ငံသားအဆင့်၊ မျိုးရိုး၊ အသက်၊ အိမ်ထောင်ရှိမရှိ၊ ကိုယ်ဝန်ရှိမရှိ၊ ဝါရင့်အတွေ့ အကြုံရှိခြင်း အခြေအနေ သို့မဟုတ် မသန်မစွမ်းမှု အပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်း မရှိပါ။ ထပ်မံ၍ DPS သည် ဝန်ထမ်းများ (သို့) အလုပ်အတွက် လျှောက်ထားသူများကို မျိုးရိုးဗီဇပေါ် တွင်အခြေခံပြီး ခွဲခြားဆက်ဆံခြင်း မရှိပါ။ နှောက်ယှက်ခြင်းသည် တားမြစ်ထားသော ခွဲခြားဆက်ဆံမှုပြုခြင်း ပုံစံတစ်မျိုးဖြစ်သည်။ DPS သည်စိတ်စေတနာကောင်းဖြင့် တိုင်ကြားခြင်း (သို့) ခွဲခြားဆက်ဆံမှု (သို့) နှောက်ယှက်ခြင်းအတွက် စိတ်စေတနာကောင်းဖြင့် ပါဝင်စုံစမ်းစစ်ဆေးခြင်းကို အပြစ်ရှိသည်ဟုမယူဆပါ။

## လက်ခံနိုင်သော နေရာထိုင်ခင်းများ

DPS (သို့) ကျောင်းလှုပ်ရှားမှုများတွင် ပါဝင်လိုသော မသန်မစွမ်းသူများအတွက် တောင်းဆိုမှုပြုလျှင် လက်ခံနိုင်သော နေရာထိုင်ခင်းများပေးမည်။ ကျေးဇူးပြု၍ ကျောင်း (သို့) ဌာနသို့ လှုပ်ရှားမှုမစတင်မီ အနည်းဆုံး အလုပ်လုပ်ရက် သုံးရက်ကြိုတင်ပြီး ဆက်သွယ်ပါ။

## ဖြေရှင်းချက် လုပ်ငန်းစဉ်

ခွဲခြားဆက်ဆံမှုပြုခြင်း နှင့် နှောက်ယှက်ခြင်း ကိစ္စများအတွက် ဖြေရှင်းချက် လုပ်ငန်းစဉ်သည် ဘုတ်စည်းမျဉ်း AC-R1 တွင်ပါရှိသည်။ လက်ခံနိုင်သော နေရာထိုင်ခင်းများ တောင်းဆိုမှုနှင့်ပတ်သက်သော ကိစ္စများအတွက် ဖြေရှင်းချက် လုပ်ငန်းစဉ်သည် ဘုတ်မူဝါဒ AC-R2, GBA-R1 နှင့် JB-R-1 များတွင်ပါရှိသည်။ ခွဲခြားဆက်ဆံမှုပြုခြင်း နှင့် နှောက်ယှက်ခြင်းတိုင်ကြားမှုများကို DPS သည်ချက်ချင်း စုံစမ်းစစ်ဆေးမည်။

## စုံစမ်းမှုများနှင့် တိုင်ကြားမှုများ

အထက်တွင် ကာကွယ်ပေးထားသော အမျိုးအစားများ ကိုအခြေခံ၍ ခွဲခြားဆက်ဆံမှုပြုခြင်း နှင့် နှောက်ယှက်ခြင်း တို့နှင့်ပတ်သက်သော စုံစမ်းမှုများနှင့် တိုင်ကြားမှုများကို ခရိုင်ခွဲခြားဆက်ဆံမှု ကာကွယ်ရေးနှင့် တုန့်ပြန်မှုညှိနှိုင်းရေးမှူးထံ တင်ပြမည် (သို့) ပြင်ပတိုင်ကြားမှုပုံစံကို သုံး၍တင်သွင်းမည်။

District Prevention and Response Coordinator
Kristin Bailey, Equity and Safety Counsel
Office of the General Counsel
1860 Lincoln, Room 1230, Denver, CO 80203
၇၂၀-၄၂၃-၃၅၁၇ | reportdiscrimination@dpsk12.org

ထပ်မံ၍ စွပ်စွဲထားသော ခွဲခြားဆက်ဆံမှုလုပ်ရပ်များ စုံစမ်းမှုများနှင့် တိုင်ကြားမှုများကို အမေရိကန် ပညာရေးဌာန, Office for Civil Rights, 1244 Speer Blvd., Denver, CO 80204 သို့တင်ပြမည်။

စုံစမ်းမှုများနှင့် တိုင်ကြားမှုများ တစ်စုံတစ်ရာကို dpsk12.info/DPRcomplaintform တွင်ရှိ ပြင်ပတိုင်ကြားမှုပုံစံကိုသုံး၍ အွန်လိုင်းတွင် တင်သွင်းပါ။

# ကျန်းမာရေး နှင့် ကျန်းမာခြင်း

DPS တွင် ကျန်းမာရေးသည် ကျွန်ုပ်တို့ကျောင်းသားများ၏ ပညာရေးအောင်မြင်မှုကိုသိသာသော ထိရောက်မှုရှိကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုထားသည်။ ကျန်းမာသည့် ကလေးများက ပိုမိုထက်မြက်သော ကျောင်းသားများဖြစ်သလို ပိုမိုထက်မြက်သော ကျောင်းသားများက လူ့အသိုက်အဝန်းကို ပိုမိုကျန်းမာစေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ထားကြပါသည်။



## ကူးစက်ရောဂါမှကာကွယ်ခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း

ကူးစက်ရောဂါမှကာကွယ်ခြင်းသည် ကျွန်ုပ်တို့ကျောင်းသားများ ကျန်းမာရေး၏ အရေးကြီးသော အပိုင်းတစ်ပိုင်းဖြစ်သည်။ Colorado ဥပဒေအရ ကျောင်းတက်သော ကလေးများသည် ရောဂါမှကာကွယ်ရန် ကာကွယ်ဆေးထိုးဖို့ လိုအပ်သည်။ Colorado ကျန်းမာရေးဘုတ်အဖွဲ့မှလိုအပ်သော ကာကွယ်ဆေးများအပြင် ကူးစက်ရောဂါမှကာကွယ်ခြင်းအတွက် အကြံပေးကော်မီတီမှ အကြံပြုထားသော ကာကွယ်ဆေးများလည်း ရှိပါသည်။ အချို့ကာကွယ်ဆေးများသည် ကျောင်းတက်ရောက်ရန်လိုအပ်သည်။ အောက်လွှတ်တော် ၁၄-၁၂၈၈ အရ ချွင်းချက်များမှာ ကျန်းမာရေး၊ ဘာသာရေး (သို့) ကိုယ်ရေးကိုယ်တာများ အတွက်ဖြစ်သည်။

DPS ကျောင်းသူနာပြုများသည် ကျောင်းသားများ၏ ကာကွယ်ဆေးထိုးရန် လိုအပ်ချက်ကို Colorado ကျန်းမာရေးဘုတ်အဖွဲ့ အချိန်ဇယားကိုလိုက်၍ သတ်မှတ်သည်။ မိဘ (သို့) အုပ်ထိန်းသူများကို သူတို့၏ကလေးလိုအပ်သော ကူးစက်ရောဂါမှ ကာကွယ်ခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းများ မရှိသေးပါက အကြောင်းကြားမည်။

## ဆေးဝါးများ

မိဘ (သို့) အုပ်ထိန်းသူက တောင်းဆို၍ ကျောင်းသားဆေးဝါး ထုတ်ပေးမှု/ဆေးကုသခြင်း တောင်းဆိုမှု သဘောတူညီချက်ပုံစံကို ဖြည့်စွက်တင်သွင်းပါက ဆေးဝါးနှင့် ဆေးကုသမှုများကို ကျောင်းတွင်ပေးနိုင်သည်။ ဤပုံစံသည် ကျောင်းအဆောက်အဦးတွင် သူနာပြုအတွက်လိုအပ်သော မိဘသဘောတူညီမှု ကိုပေးရန် (သို့) ဆေးဝါးပေးနိုင်ခွင့်ရှိရန် အတွက်ဖြစ်သည်။ ဆေးဂါးအားလုံးကို မူလဆေးဂါးထည့်သောဘူးဖြင့် ပေးရမည်ဖြစ်ပြီး တံဆိပ်ကပ်၍ သင့်ကလေး၏အမည်၊ ဆေးဂါးအမည်၊ ဆေးညွှန်းနှင့် အကြိမ်၊ နှင့်မည်သည့်နေ့တွင် သုံးစွဲခြင်းမှ ရပ်ရမည်ကိုဖော်ပြရမည်။ အကယ်၍ ကျောင်းသားများသည် သက်ဆိုင်ရာဆေးပေးခွင့်အမိန့်နှင့် ကိုယ်တိုင်သယ်ယူရန် သဘောတူညီချက် တို့ကိုဖြည့်စွက်ပြီးပါက ပန်းနာရင်ကျပ်ရှူဆေး (သို့) epinephrine (epi-pen) ကဲ့သို့သူတို့၏ ကိုယ်ပိုင်အရေးပေါ် ဆေးဂါးများကို သယ်ယူခွင့်ရှိသည်။

## ကျောင်းကျန်းမာခြင်းမူဂါဒ

ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများနှင့် ကျောင်းသားကျန်းမာရေး နှင့် သာယာဝပြောရေးကို ပံ့ပိုးရန်အတွက် ကျောင်းဖွင့်ရက်များတွင် ကျောင်းသားများကို ရောင်းချသော ကျောင်းအစားအသောက် အစီအစဉ်ပြင်ပမှ အစားအသောက်အားလုံးသည် အမေရိကန် လယ်ယာစိုက်ပျိုးရေးဌာန (USDA) ကျောင်းတွင်း Smart Snacks အာဟာရ စံချိန်စံညွှန်းများနှင့် ကိုက်ညီ (သို့) သာလွန်ရမည်။ ကျောင်းသာယာဂပြောရေး စံချိန်စံညွှန်းများနှင့် ပတ်သက်၍ ပိုမိုသိလိုပါက ကျေးဇူးပြု၍ foodservices.dpsk12.org သို့ဂင်ရောက်ပါ။

ကာကွယ်ဆေးထိုးခြင်း အချိန်ဇယားများ နှင့် ပြည်နယ်လိုအပ်ချက်များနှင့် ပတ်သက်၍ ပိုမိုသိလိုပါက ကျေးဇူးပြု၍ **coloradoimmunizations.com** သို့ဂင်ရောက်ပါ။
သင့်ကလေးအတွက်ဆေးဂါး (သို့) လိုအပ်သော ပုံစံများကိုဖြည့်စွက်ရာနှင့် ပတ်သက်၍ ပိုမိုသိလိုပါကကျေးဇူးပြု၍ သင့်ကျောင်းသူနာပြုရုံးခန်းသို့ ဆက်သွယ်ပါ။



# အင်တာနက် နှင့် လူမှုမီဒီယာ

အင်တာနက်သည် ပညာရေးအတွက် အရေးပါသောကိရိယာတစ်ခုဖြစ်ပြီး DPS သည်ကျောင်းများအားလုံးကို အင်တာနက်ဆက်သွယ်မှုပေးထားသည်။ အင်တာနက်အသုံးပြုရာတွင် ကျောင်းသားများနှင့် ဝန်ထမ်းများသည် အချို့စည်းမျဉ်းများကို လိုက်နာရန်လိုအပ်သည်။ တရားမဝင်၊ ညစ်ညမ်းသော (သို့) မသင့်တော်သောရည်ရွယ်ချက်များဖြင့် အင်တာနက်အသုံးပြုခြင်းကို တားမြစ်ထားသည်။ DPS သည် အင်တာနက်ပါအရာများကို တရားမဝင်၊ ညစ်ညမ်းသော နှင့် မသင့်တော်သော အရာများမဖြစ်စေရန် ကာကွယ်ရန်စိစစ်သည်။ ဝင်ရောက်သော အင်တာနက်ပါအရာများအားလုံးကို DPS မှစုံစမ်းစစ်ဆေးနိုင်ပြီး ယင်းတို့ကို ပုဂ္ဂိုလ်ရေးအရာများဟု မမှတ်ယူသင့်ပါ။

Facebook, Google+ နှင့် Twitter ကဲ့သို့လူမှုမီဒီယာ များသည်အရေးကြီးသော ပညာရေးဆိုင်ရာ အသုံးဝင်မှုများဖြစ်စေပြီး အားကောင်းသော ဆက်သွယ်ရေးကိရိယာများဖြစ်သည်။ ထိုမီဒီယာပတ်ဝန်းကျင်များထဲတွင် ကျောင်းသားများနှင့် ဆရာများသည် ယဉ်ကျေးစွာနှင့် ပညာရှင်ပီသစွာ ပြုမူဆက်ဆံကြပါက ယင်းဆိုက်များသည် ကျောင်းများတွင် အသုံးပြုနိုင်/အသုံးပြုသင့်သည်။ အကယ်၍ကျောင်းသားများသည် အချင်းချင်းလူမှုမီဒီယာမှတဆင့် နှောက်ယှက်ခံ (သို့) အနိုင်ကျင့်ခံရသည်ဟုထင်ပါက သူတို့သည် ယင်းကိစ္စကိုကျောင်းသို့ အကြောင်းကြားသင့်သည်။

အင်တာနက်အသုံးပြုခြင်းမူဝါဒကိုချိုးဖောက်သော ကျောင်းသားများ၏ အင်တာနက်အသုံးပြုခွင့် နှင့် (သို့) လူမှုမီဒီယာအသုံးပြုခွင့် ကိုရုပ်သိမ်းနိုင်ပြီး သူတို့ကို စည်းကမ်းဖောက်ခြင်းအတွက် အရေးယူမည်။

# မဖြစ်မနေသတင်းပို့သူများ

ကျောင်းဝန်ထမ်းများအားလုံးသည် မဖြစ်မနေသတင်းပို့သူများဖြစ်သည်။ သူတို့သည် မဖြစ်မနေသတင်းပို့သူသင်တန်းကို နှစ်စဉ်တက်ရောက်ရမည်ဖြစ်ပြီး ကလေးညှင်းပန်းနှိပ်စက်ခြင်း (သို့) ဂရုမစိုက်ခြင်းဖြစ်နေသည်ကို ကြောင်းကျိုးလုံလောက်သော သံသယဖြင့်တွေ့ရှိရပါက ဥပဒေအရ တိုင်ကြားရန်လိုအပ်သည်။

ကလေးညှင်းပန်းနှိပ်စက်ခြင်း (သို့) ဂရုမစိုက်ခြင်းကို တိုင်ကြားရန် Colorado ကလေးညှင်းပန်းနှိပ်စက်ခြင်းနှင့် ဂရုမစိုက်ခြင်းလိုင်း ၈၄၄-၂၆၄-၅၄၃၇ သို့ဆက်သွယ်ပါ။

# မိဘအပြုအမူ

DPS သည်မိသားစုများအားလုံးကို သူတို့ကလေးများ၏ ပညာရေးတွင် ပါဝင်ရောက်လုပ်ဆောင်ကြရန် အားပေးသည်။ မိဘ (သို့) အုပ်ထိန်းသူများကို ပညာရှင်ပီသခြင်း လေးစားမှုရှိခြင်းအတွက် နမူနာပုံစံဖြစ်စေ၍ကျောင်း၏ သင်ကြားခြင်း (သို့) ကျောင်းပံ့ပိုးသော လုပ်ငန်းများတွင် နှောက်ယှက်ခြင်းမှ ရှောင်ကြဉ်စေချင်သည်။

ထိုအပြုအမူသည် ကျွန်ုပ်တို့ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် မလုံခြုံ၊ အသုံးမဝင်သော (သို့) ခြိမ်းခြောက်ဖွယ်ပတ်ဝန်းကျင် ဖြစ်စေနိုင်သည်။ အကယ်၍မိဘ (သို့) အုပ်ထိန်းသူသည် ဤမူဝါဒကို ဖောက်ဖျက်ပါက သူ(သို့)သူမကို ထိုအပြုအမူနှင့် ပတ်သက်၍သတိပေးမည်၊ သူ့ကိုကျောင်းဝန်ထမ်းနှင့် တွေ့ဆုံ၍ ဆွေးနွေးရန်ခေါ်နိုင်သည်၊ (သို့) ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ခြင်းကို တားမြစ်နိုင်သည်။ ကျွန်ုပ်တို့သည် အတူတကွအလုပ်လုပ်ခြင်းဖြင့် ပြဿနာများကိုကာကွယ်ရန် ကူညီလိုသည်၊ ဤနည်းဖြင့် ကျွန်ုပ်တို့၏ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် ကောင်းမွန်ပြီး အကျိုးဖြစ်ထွန်းသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်မည်။

# ကျောင်းသားအပြုအမူ

ကျောင်းသား၏လုံခြုံမှုသည် DPS အတွက်ထိပ်ဆုံး ဦးစားပေးမှုဖြစ်ပြီး လုံခြုံသောပညာရေး ပတ်ဝန်းကျင်တစ်ခုကို ထိန်းသိမ်းထားနိုင်ရန် ကျောင်းတိုင်း၌ တာဝန်သိသော အပြုအမူလိုအပ်သည်။ ကျောင်းသားများသည် ကျောင်းဝင်းအတွင်း၊ DPS အတည်ပြုထားသောယာဉ်များ၊ သတ်မှတ်ထားသော ကျောင်းကားမှတ်တိုင်များ (သို့) ကျောင်းတာဝန်ခံသော အဖြစ်အပျက်များတွင် ရှိစဉ် ကျောင်းသား၏ လုံခြုံမှုမူဝါဒများ နှင့်လုပ်ငန်းစဉ်များသည် အကျိုးသက်ရောက်မှုရှိသည်။

### ကျောင်းသားများမူးယစ်ဆေးဝါး နှင့်အရက်သုံးစွဲခြင်း

ကျောင်းသားများသည် အရက်၊ နာကိုးတစ်စ်၊ မာရီဂျူရာနာ၊ တရားဝင်သော်လည်း အခွင့်မရှိဘဲ (သို့) အခြားတရားမဝင်ပစ္စည်းများကို ကျောင်းဝင်းအတွင်း၊ DPS အတည်ပြုထားသောယာဉ်များ၊ သတ်မှတ်ထားသော ကျောင်းကားမှတ်တိုင်များ (သို့) ကျောင်းတာဝန်ခံသော အဖြစ်အပျက်များတွင် ပိုင်ဆိုင်ခြင်း (သို့) သုံးစွဲခြင်းမပြုလုပ်ရ။ ထိုအကျင့်ပျက်ခြင်းများအတွက် စည်းကမ်းဆိုင်ရာ နောက်ဆက်တွဲ အရေးယူမှုများရှိသည်။

### ကျောင်းသားဝတ်စုံ

အဝတ်အစားသည် ကျောင်း၏ပညာသင်သော ပတ်ဝန်းကျင်ကို အနှောက်အယှက်မဖြစ်စေရ။ ယင်းသည် လက်ခံနိုင်သော သန့်ရှင်းမှုစံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး အများကိုလေးစားမှုရှိရမည်။ ကျေးဇူးပြု၍ တိကျသောဝတ်စားဆင်ယင်ပုံ (သို့) ကျောင်းဝတ်စုံမူဝါဒများ အတွက်သင့်ကလေး၏ ကျောင်းကိုမေးမြန်းပါ။

### ကျောင်းသားများ၏ အခွင့်အရေးနှင့် တာဝန်များ

DPS သည် ကျောင်းသားများ ကျောင်းသားအခွင့်အရေး နှင့် တာဝန်များကိုညီမျှစွာထား၍ အောင်မြင်မှုကိုဖြစ်စေသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန်ရည်သန်သည်။ ကျောင်းသားများသည် တစ်ဦးစီ၏လိုအပ်ချက်များ၊ စွမ်းဆောင်နိုင်မှုများ နှင့် ကိုက်ညီသည့် လုံခြုံပြီး သာတူညီမျှဖြစ်သော ပညာရေးကိုရရန် အခွင့်အရေးရှိကြသည်။ ကျောင်းသားများသည် လုံခြုံသောကျောင်းပတ်ဝန်းကျင် ကို ဖြစ်စေရန်နှင့်ထိန်းသိမ်းရန် တာဝန်ခွဲဝေယူကြပြီး အများ၏ပညာရေးဆိုင်ရာ အခွင့်အရေးများ ကိုအနှောက်အယှက်ဖြစ်စေမည့် လုပ်ရပ်များကို ဝင်ရောက်ပြုလုပ်ခြင်း မပြုသင့်ပါ။

သင့်ကလေး၏ ကျောင်းတွင် မိဘ (သို့) ကျောင်းသားအပြုအမူကို ကိုင်တွယ်ရန်အကူအညီလိုပါက ကျေးဇူးပြု၍ ၇၂၀-၄၂၃-၃၀၅၄ ဆက်ပါ၊(သို့) ပိုသိလိုပါက face.dpsk12.org သို့ဝင်ရောက်ပါ။

# ကျောင်းသားမှတ်တမ်းများ

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျောင်းသားများ၏ ပုဂ္ဂိုလ်ရေးနှင့် လုံခြုံမှုကို အထူးအရေးထားသည်။ ကျွန်ုပ်တို့၏ကျောင်းသား မှတ်တမ်းများ မူဝါဒသည် ၁၉၇၄ မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးနှင့် ပုဂ္ဂိုလ်ရေးဥပဒေ (FERPA) ကိုလိုက်နာသည်။ DPS သည် မိသားစုပညာရေးဆိုင်ရာ အခွင့်အရေးနှင့် ပုဂ္ဂိုလ်ရေး အက်ဥပဒေအတွက် နှစ်စဉ်အကြောင်းကြားစာကို မိဘများ၊ အုပ်ထိန်းသူများနှင့် သက်ဆိုင်ရာ ကျောင်းသားများအား သူတို့၏ FERPA တွင်ရှိသော အခွင့်အရေးနှင့် ပတ်သက်၍ ပေးပို့သည်။

## မှတ်တမ်းများတောင်းဆိုခြင်း

DPS မှထွက်ပြီးသော (သို့) စာရင်းသွင်းမှုမရှိတော့သော ကျောင်းသားများအတွက် မိဘများ၊ အုပ်ထိန်းသူများ (သို့) အသက် ၁၈ နှစ်ကျော်သောကျောင်းသားများသည် တောင်းဆိုမှုကို အွန်လိုင်း denverco.scriborder.com တွင်လုပ်နိုင်ပါသည်။ တောင်းဆိုမှုကိုတင်သွင်းပြီးလျှင် သူတို့သည် မှတ်တမ်းများကို ၄၅ ရက်အတွင်း ဝင်ရောက်ခွင့်ရမည်ဖြစ်သည်။ DPS ကျောင်းတွင် လက်ရှိစာရင်းသွင်းထားသော ကျောင်းသားများအတွက် မှတ်တမ်းမိတ္တူများကို တောင်းဆိုလိုပါက မိဘများ၊ အုပ်ထိန်းသူများ (သို့) သက်ဆိုင်ရာ ကျောင်းသားများသည် တောင်းဆိုမှုကို တက်ရောက်သော ကျောင်းတွင် တိုက်ရိုက်တင်သွင်းနိုင်သည်။

## မှတ်တမ်းများသုံးသပ်ခြင်း

မိဘများ၊ အုပ်ထိန်းသူများ (သို့) သက်ဆိုင်ရာ ကျောင်းသားများသည် မှတ်တမ်းများကို စစ်ဆေးရန်တောင်းဆိုမှုကို စာဖြင့်ရေးသား၍ ကျောင်းအုပ်ထံသို့ တိုက်ရိုက်တင်သွင်းနိုင်သည်။ သူတို့သည် မှတ်တမ်းများမထုတ်ပေးမီ စာရေးသားတောင်းဆိုမှုလိုအပ်သည်ဟု တောင်းဆိုခြင်းဖြင့် မှတ်တမ်းများထုတ်ပေးခြင်း ကိုထိန်းချုပ်ထားနိုင်သည် လက်ရှိကျောင်းသားများနှင့် မိဘများသည် ကူးရေးမှတ်တမ်းများ နှင့် ကျောင်းသားပေါ်တယ်နှင့် မိဘပေါ်တယ်တွင်ရှိ အခြားမှတ်တမ်းများကို ကြည့်နိုင်သည်။ တရားဝင်ကူးရေးမှတ်တမ်းများ (သို့) အခြားကျောင်းသားမှတ်တမ်းများကို အွန်လိုင်းတွင်တောင်းဆိုလိုပါက denverco.scriborder.com သို့ဝင်ရောက်ပါ။

## မှတ်တမ်းများပြင်ဆင်ခြင်း

မိဘများ၊ အုပ်ထိန်းသူများနှင့် သက်ဆိုင်ရာကျောင်းသားများသည် မှတ်တမ်းများသည်မတိကျ (သို့) အထင်မှားစေနိုင်ပါက ကျောင်းမှပြင်ဆင်နိုင်ရန် စာဖြင့်ရေးသား တောင်းဆိုနိုင်သည်။ သူတို့သည် ပြင်ဆင်ရန် တောင်းဆိုမှုအတွက် မှတ်တမ်း၏အပိုင်း မည်သည့်နေရာတွင် ပြင်ရန်လိုသည်၊ နှင့် မည်သည့်အကြောင်းကြောင့်ပြင်ရမည်ကို ရှင်းလင်းစွာဖော်ပြရမည်။ အကယ်၍မှတ်တမ်းသည် တောင်းဆိုမှုအတိုင်းပြင်ရန်မလိုပါက DPS သည်တောင်းဆိုသူကို ထိုဆုံးဖြတ်ချက်အတွက် တောင်းဆိုသူထံ အကြောင်းကြားမည်။ ထို့နောက် သူတို့သည် ပြင်ဆင်ရန်လျှောက်လွှာနှင့် ပတ်သက်၍ ကြားသိခွင့်ရှိသည်။

## ကြိုတင်သဘောတူညီမှုမရှိဘဲ ဖော်ပြခြင်း

ကျောင်းသား၏မှတ်တမ်းကို တရားဝင်ပညာရေးကိစ္စနှင့်ပတ်သက်၍ ကျောင်းအရာရှိများအား ဖော်ပြခြင်းသည် မိဘသဘောတူညီမှုကို ရယူရန်မလိုပါ။ DPS သည်ဘေးလုပ်ဆောင်သူ၊ အဖွဲ့အစည်းမိတ်ဖက် (သို့) အခြားကျောင်းခရိုင်မှ အရာရှိတစ်စုံတစ်ယောက်ကို အကယ်၍သူတို့တွင် တရားဝင်ပညာရေးကိစ္စရှိပါက အချက်အလက်များကို ဝင်ရောက်ကြည့်နိုင်ရန် ခန့်အပ်ထားနိုင်သည်။

## လမ်းညွှန်အချက်အလက်များ

DPS သည် မိဘများ၊ အုပ်ထိန်းသူများ (သို့) သက်ဆိုင်ရာ ကျောင်းသားများက ကြီးကြပ်ရေးမှူးထံ စာရင်းသွင်းချိန်မှ နှစ်ပတ်အတွင်း စာဖြင့်ရေးသား၍ ကန့်ကွက်ခြင်းမှလွဲ၍ လမ်းညွှန်အချက်အလက်များကို DPS_Superintendent@dpsk12.org ဖော်ပြနိုင်သည်။

## ဆေးဘက်ဆိုင်ရာအချက်အလက်များ နှင့် အရေးပေါ်ဖော်ပြခြင်း

DPS သည် ပညာရေးမှတ်တမ်းတစ်ခုမှ ကိုယ်ပိုင်ခွဲခြားသတ်မှတ်နိုင်သော အချက်အလက်များကို အကယ်၍ယင်းအချက်အလက်များကို သိခြင်းသည် ကျောင်းသား (သို့) အခြားတစ်စုံတစ်ယောက်၏ ကျန်းမာရေး (သို့) လုံခြုံမှုကိုကာကွယ်ရန် အရေးကြုံလာပါက သင့်တော်သောအဖွဲ့သို့ဖော်ပြနိုင်သည်။

# ကျောင်းလုံခြုံရေး

DPS သည်ကျောင်းသားများနှင့်မိသားစုများအားလုံးအတွက် ဘေးကင်းလုံခြုံပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန်အထူးဂရုစိုက်ပြီး အရေးပေါ်ကြိုတင်ပြင်ဆင်မှုအတွက် ကျောင်းခရိုင်များထဲတွင် အမျိုးသားခေါင်းဆောင် တစ်ကျောင်းအဖြစ် ဂုဏ်ယူပါသည်။

### ထွက်ခွါသွားစေခြင်း

ထွက်ခွါသွားစေခြင်းသည် မီးဘေးကဲ့သို့ အန္တရာယ်အခြေအနေတစ်ခုကြောင့် ထိခိုက်ဒဏ်ရာရမှုမှ ကာကွယ်ရန် ကျောင်းသားများကို ကျောင်းအဆောက်အဦး၏ ပြင်ပသို့ပို့ဆောင်ခြင်းဖြစ်သည်။

### နားခိုရာထားခြင်း

နားခိုရာထားခြင်းသည် လုံခြုံရေးဌာနမှ ဆုံးဖြတ်ထားပြီး လေပွေကဲ့သို့ (သို့) ပြင်းထန်သောရာသီဥတု သတိပေးချက်များရှိပါက အန္တရာယ်ကျရောက်၍ ထွက်ခွါသွားသောကျောင်းသားများ (သို့) ကျောင်းစောစောလွှတ်ထားသော ကျောင်းသားများကို ထားရန်ဖြစ်သည်။

### ပိတ်ထားခြင်း

ပိတ်ထားခြင်းကို ကျောင်းဧရိယာတွင် အန္တရာယ်တစ်ခုကို ဖေါ်ထုတ်ပြီးသည့်အခါတွင် ပြုလုပ်သည်။ အပြင်ဘက်တံခါးများအားလုံး ကိုသော့ခတ်ပြီး ကျောင်းတွင်းသို့ အန္တရာယ်တစ်စုံတစ်ရာ မဝင်ရောက်နိုင်ရန် ကာကွယ်သည်။ ပိတ်ထားခြင်း အချိန်အတွင်းတွင် ကျောင်းသို့ဝင်ရောက်ခြင်း (သို့) ကျောင်းမှထွက်ခွါခြင်းကို ခွင့်မပြုပါ။

### ကန့်သတ်ထားခြင်း

ကန့်သတ်ထားခြင်းသည် အန္တရာယ်ရှိသောခြိမ်းခြောက်မှုတစ်ခု (သို့) ဖြစ်နိုင်သော အန္တရာယ်ရှိသောခြိမ်းခြောက်မှုတစ်ခုကို ကျောင်းအဆောက်အဦးတွင်းတွင် (သို့) ကျောင်းအနီးတွင် တွေ့ရှိပါကပြုလုပ်သည်။ အပြင်နှင့်အတွင်းတံခါးအားလုံးကို သော့ခတ်ပြီးကျောင်းသားများသည် ကျောင်းအတွင်းတွင်ရှိနေရမည်။ ကန့်သတ်ထားခြင်း အချိန်အတွင်းတွင် ကျောင်းသို့ဝင်ရောက်ခြင်း (သို့) ကျောင်းမှထွက်ခွါခြင်းကို ခွင့်မပြုပါ။

### ပြန်လည်ပေါင်းစည်းခြင်း

ပြန်လည်ပေါင်းစည်းခြင်းသည် ကျောင်းနေရာ (သို့) ကျောင်းမြေနေရာ အနီးအပါးတွင် ဖြစ်ပေါ်သော အရေးပေါ်အခြေနေကြောင့် ကျောင်းသားများကို ကျောင်းမှဖယ်ရှားပြီး အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်းဖြစ်သည်။ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်အတွင်းတွင် ကျောင်းသားများကို အရေးပေါ်ဆက်သွယ်မှု စာရင်းပါ လူကြီးများထံသို့သာ ပြန်လွှတ်ပေးမည်ဖြစ်သည်။ ကျောင်းသားများကို လာရောက်ခေါ်သောလူကြီးများသည် ယာဉ်မောင်းလိုင်စင်၊ ပြည်နယ်မှတ်ပုံတင်ကဒ်၊ စစ်မှုထမ်းကဒ် (သို့) နိုင်ငံကူးလက်မှတ် ကဲ့သို့ သင့်လျော်သော အစိုးရထုတ် ဓါတ်ပုံပါ သက်သေခံယူလာရမည်။

### ကျောင်းအရေးပေါ်အတွက်ပြင်ဆင်ခြင်း

- သင့်ကလေးကို ကျောင်းအရေးပေါ် လုပ်ငန်းစဉ်များ အကြောင်းပြောဆိုပါ၊ သို့မှသာ သူတို့သည် အရေးပေါ် (သို့) အကြပ်အတည်းတွင် ဘာတွေ့ရင်ဆိုင်ရမည်ကို သိရှိမည်။
- သင့်ကလေး၏ ကလေးအရေးပေါ်ဆက်သွယ်မှု အချက်အလက်ကို ပြောင်းသည်နှင့် ပြင်၍လက်ရှိဖြစ်အောင်လုပ်ပါ။ ကျောင်းသားများကို မသက်ဆိုင်သော သူများထံသို့ လွှတ်ပေးမည်မဟုတ်ပါ။
- အကယ်၍သင့်ကလေးသည် ဆေးဝါးသုံးစွဲနေပါက ကျောင်းတွင်အနည်းဆုံး သုံးရက်စာဆေးကို သေချာရှိနေပါစေ။

### သင့်ကလေး၏ ကျောင်းတွင်ကန့်သတ်ထားခြင်း ဖြစ်ပေါ်လာပါက ဘာလုပ်မလဲ

အကယ်၍ သင့်ကလေး၏ ကျောင်းတွင်ကန့်သတ်ထားခြင်း ဖြစ်သည်ဟု အကြောင်းကြားခံရပါက ကျောင်းသို့မလာပါနှင့်။ သင့်ကလေး၏ ကျောင်းအခြေအနေကို နောက်ထပ်သင့်အား အကြောင်းကြား၍ ရနိုင်သောနေရာတွင်ရှိနေပါ။ ကျောင်းသားများကို အဖြစ်အပျက်မပြီးမခြင်း (သို့) ဖြစ်ပွါးမှုနေရာသည် လွှတ်ပေးရန် လုံခြုံမှုမရှိလာမခြင်း မလွှတ်ပေးပါ။ သင့်ကလေးကို ပြန်လည်ပေါင်းစည်းခြင်း နေရာတွင် ပြန်ခေါ်ရန် ပြင်ဆင်ထားပါ။

### ကျောင်းအရေးပေါ်အဖြစ်အပျက်တွင် ဘာလုပ်ရမလဲ

- DPS ဝက်ဘ်ဆိုက် dpsk12.org ကိုကြည့်ပြီး လက်ရှိအချက်အလက်များအတွက် DPS လူမှုမီဒီယာ လိုင်းများကိုကြည့်ပါ။
- မိသားစုနှင့်အဖွဲ့အစည်းအကူအညီလိုင်း ၇၂၀-၄၂၃-၃၀၅၄ သို့ဆက်ပါ။
- ကျောင်းသတင်း အသိပေးချက်များကို ပြည်တွင်းတီဗွီ နှင့် ရေဒီယိုများမှတဆင့် သိရှိပါ။
- သင့်ကလေးကို ခေါ်ယူရန်လုံခြုံသောအချိန်နှင့် ခေါ်ယူရမည့်နေရာများကို အသိပေးရန် အလိုလျောက် ဖုန်းခေါ်ခြင်းနှင့်/ (သို့) စာသတင်းတိုပေးပို့ခြင်း ကိုစောင့်ပါ။
- သင့်ကလေးနှင့် ပြန်လည်ပေါင်းစည်းခြင်း နှင့်ပတ်သက်၍ အချက်အလက်များကို နားထောင်ပါ။ ကျေးဇူးပြု၍ ပြန်လည်ပေါင်းစည်းခြင်းနေရာသို့လာလျှင် တရားဝင်အစိုးရ သက်သေခံ ကဒ်ပြားများယူလာပါ။
- သင့်ကလေး၏ကျောင်းသို့ မလာပါနှင့်။ ယင်းသည် ယာဉ်ပိတ်ဆို့မှုဖြစ်စေ၍ ရှေ့ပိုင်းလာရောက်သူများကို အတားအဆီး ဖြစ်စေနိုင်သည်။
- သင့်ကလေးကို (သို့) သင့်ကလေး၏ကျောင်းကို ဖုန်းမဆက်ပါနှင့်။ မလိုအပ်သောဖုန်းခေါ်ဆိုမှုများသည် အရေးပေါ်ဆက်သွယ်မှုကို အတားအဆီး ဖြစ်စေနိုင်သည်။




# ဘာသာပြန်ဆိုမှုများနှင့် စကားပြန်ဆိုမှုများ

DPS သည်အင်္ဂလိပ်ဘာသာစကားမပြောဆိုသော မိသားစုများအား ဘာသာပြန်ဆိုမှုများနှင့် စကားပြန်ဆိုမှုများကို အခမဲ့ပံ့ပိုးရန် သေချာလုပ်ဆောင်ပေးသည်။ မည်သည့် DPS မိဘ (သို့) အုပ်ထိန်းသူမဆို သူတို့၏ကျောင်းမှတဆင့် ဝန်ဆောင်မှုများကို တောင်းဆိုနိုင်သည်။

## စကားပြန်ဆိုမှုများ

လူကိုယ်တိုင်၊ ဖုန်းဖြင့် (သို့) လက်ဟန်ခြေဟန်ဖြင့် စကားပြန်ဆိုမှုများကို DPS အဖွဲ့အစည်းအစည်းအဝေးများ၊ CSC, ELA PAC, ELA DAC နှင့် ဘုတ်အစည်းအဝေးများ ကဲ့သို့ မည်သည့် လိုအပ်သော မိသားစုအစည်းအဝေးများ အတွက်မဆို ရနိုင်ပါသည်။ ဖုန်းဖြင့်စကားပြန်ဆိုသော ဝန်ဆောင်မှုများကို အရေးပေါ် (သို့) မမျှော်လင့်သောမိသားစု ကျောင်းဆက်သွယ်ရေး လိုအပ်ချက်များရှိပါက ရနိုင်ပါသည်။

## ဘာသာပြန်ဆိုမှုများ

လိုအပ်သောမိသားစု ဆက်သွယ်ရေးများတွင် စာများ၊ ခွင့်ပြုစာများ၊ ပုံစံများ၊ လျှောက်လွှာများ၊ ကျောင်းလက်ကမ်းကြော်ငြာနှင့် ဘရိုရှာများ၊ ကျောင်းအစည်းအဝေး အစီအစဉ်များနှင့် တစ်ဦးစီအတွက် ပညာရေးအစီအစဉ် အကဲဖြတ်မှုများစသည်တို့ကို ဘာသာပြန်ဆိုမှုအတွက် ပေးပို့နိုင်သည်။

ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှုများကို တောင်းဆိုလိုပါက သင့်ကျောင်း၏ ပင်မရုံးခန်းသို့ ဆက်သွယ်ပါ။ DPS မိသားစုများ၏ အသုံးအများဆုံး ဘာသာစကားဖြင့် ရရှိနိုင်သော မှုဂါဒများ၊ ခရိုင်အရင်းအမြစ်များနှင့် မိဘလမ်းညွှန်များကိုရယူရန် dpsk12.org/languages သို့ဝင်ရောက်ပါ။

# ရာသီဥတု

ရာသီဥတုဆိုးဝါးပါက DPS ကျောင်းများသည် ပိတ်မည် (သို့) ဖွင့်ရက်နောက်ကျမည်။ ကျွန်ုပ်တို့သည် ကျောင်းပိတ်ခြင်း (သို့) ဖွင့်ရက်နောက်ကျခြင်းများကို မိသားစုများအား တတ်နိုင်သလောက် နံနက်စောစော ၅ နာရီတွင် ဖုန်းဖြင့်အသိပေးရန်ဖြစ်သည်။

DPS သည်အောက်ပါ ဆက်သွယ်ရေးလိုင်းများတွင် ကျောင်းပိတ်ခြင်း (သို့) ဖွင့်ရက်နောက်ကျခြင်း များကိုကြေငြာသည် -

**အလိုအလျောက် ဖုန်းခေါ်ခြင်း၊ စာသတင်းတိုများနှင့် အီးမေးလ်များ** ကျောင်းများသို့ ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများ ပေးထားသောမိသားစုများသည် ရာသီဥတုဆိုးဝါးမှုကြောင့် ကျောင်းပိတ်ခြင်း (သို့) ဖွင့်ရက်နောက်ကျခြင်း အသိပေးမှုအတွက် ဖုန်းခေါ်ခြင်း၊ စာသတင်းတိုနှင့်/(သို့) အီးမေးလ်ကို သူတို့နှစ်သက်သော ဘာသာစကားဖြင့်ရရှိမည်။

**DPS ပင်မစာမျက်နှာ** ကျောင်းပိတ်ခြင်း (သို့) ဖွင့်ရက်နောက်ကျခြင်းကို အနီရောင် "သတိပေးချက်" နဖူးစည်းစာတမ်းဖြင့် ခရိုင်ပင်မစာမျက်နှာ dpsk12.org ကြေငြာသည်။

**DPS လူမှုမီဒီယာ -** ကျောင်းပိတ်ခြင်း (သို့) ဖွင့်ရက်နောက်ကျခြင်းကြေငြာချက်ကို Facebook နှင့် Twitter တွင်အလျှင်အမြန်တင်မည်။

**သတင်း မီဒီယာ -** DPS သည်ရာသီဥတုကြောင့် ပိတ်ခြင်း (သို့) နောက်ကျခြင်းအတွက် ထည့်သွင်းရန် သတင်းမီဒီယာကို ချက်ချင်းအကြောင်းကြားသည်။

**ဘတ်စ်သတင်းလွှာ** DPS ၏ကြိုပို့ဝန်ဆောင်မှုကိရိယာ သည် ကျောင်းကားတစ်စုံတစ်ရာနောက်ကျမှုအတွက် မိဘများကို အလိုလျောက် အကြောင်းကြားသည်။

**ခရိုင်ကျောင်းပိတ်မှု (သို့) နောက်ကျဖွင့်မှု အရေးပေါ်လိုင်း -** ကျောင်းပိတ်မှု (သို့) နောက်ကျဖွင့်မှု ကြေငြာသောသတင်းကို DPS ၏ကျောင်းပိတ်မှု အရေးပေါ်လိုင်း ၇၂၀-၄၂၃-၃၂၀၀ တွင်ထားရှိပြီး DPS ကြိုပို့ဝန်ဆောင်မှု အရေးပေါ်လိုင်း ၇၂၀-၄၂၃-၄၆၀၀ တွင်လည်းထားရှိမည်။

ရာသီဥတုနှင့် ရာသီဥတုဆိုးရွားမှုကြောင့် နောက်ကျဖွင့်နိုင်သော ကျောင်းများ၏စာရင်းနှင့် မကြာခဏမေးသောမေးခွန်းများအတွက် www.dpsk12.org/weather ကိုကျေးဇူးပြု၍ ဝင်ရောက်ပါ။

# ဧည့်သည်များ နှင့် စေတနာ့ဝန်ထမ်းများ

ကျွန်ုပ်တို့သည် မိသားစုများကို စာသင်ခန်းများသို့လာရောက်ကြည့်ရန် အားပေးပြီး မိသားစုစေတနာ့ဝန်ထမ်းများ သည် DPS ၏အောင်မြင်မှုအတွက် အရေးကြီးသောအပိုင်းမှ ပါသည်ဟုယုံကြည်သည်။ ကျောင်းအဆောက်အဦးအတွင်းသို့ မသမာသောရည်ရွယ်ချက်ဖြင့်မသက်ဆိုင်သူများ ဝင်ရောက်လာနိုင်သူများမရှိစေရန် ဧည့်သည်များအားလုံးသည် ကျောင်း၏အတည်ပြုချက်ရယူရန် ကျောင်းရုံးခန်းကို အကြောင်းကြားရမည်။ ကျွန်ုပ်တို့တွင် စေတနာ့ဝန်ထမ်းလိုသော မိသားစုနှင့် အဖွဲ့အစည်းဝင်များအတွက် စေတနာ့ဝန်ထမ်းများလျှောက်လွှာများနှင့် နောက်ခံသမိုင်းကို စစ်ဆေးသော လုပ်ငန်းစဉ်များကို ထားရှိပါသည်။

စေတနာ့ဝန်ထမ်းအခွင့်အလမ်းများစာရင်း နှင့် လိုအပ်သောစေတနာ့ဝန်ထမ်း ပုံစံများကိုဒေါင်းလုပ်လုပ်ရန် face.dpsk12.org/volunteer-services သို့ဝင်ရောက်ပါ။



# အရေးကြီးသောအရင်းအမြစ်များ နှင့် ဆက်သွယ်ရန်အချက်အလက်များ



DPS တွင်ကျွန်ုပ်တို့ကလေးများကို ကောလိပ်နှင့် အလုပ်အကိုင်အတွက် ပြင်ဆင်ပေးရန် ကျွန်ုပ်တို့အားလုံး ပူးပေါင်းဆောင်ရွက်ရမည် ဟုနားလည်သည်။ DPS ဌာနများသည် ကျွန်ုပ်တို့မိသားစုများနှင့် ကျောင်းသားများ၏အောင်မြင်မှုအတွက် အမျိုးမျိုးသော ဝန်ဆောင်မှုများကိုပေးပါသည်။

ဤအပိုင်းတွင် သင်သည်ရနိုင်သော DPS အရင်း အမြစ်များကိုဆက်သွယ်နိုင်ရန် အရေးကြီးသော ဆက်သွယ်ရန်အချက်အလက်များကို ရာထားသည်။

## ဤအပိုင်းတွင်

အရေးကြီးသောအရင်းအမြစ်များ နှင့် ဆက်သွယ်ရန်အချက်အလက်များ .......... 44

# အရေးကြီးသောအရင်းအမြစ်များ နှင့် ဆက်သွယ်ရန်အချက်အလက်များ

### မိသားစုနှင့် အဖွဲ့အစည်း အကူအညီလိုင်း

DPS နှင့်ပတ်သက်၍ အထွေထွေမေးခွန်းရှိပါသလား? အကူအညီလိုင်းသည် စတင်ရန်အတွက် အလွန်အသုံးဝင်သောနေရာဖြစ်သည်။

face.dpsk12.org

၇၂၀-၄၂၃-၃၀၅၄

### ဆက်သွယ်ခြင်း

နိုင်ငံသားအချက်အလက်များကိုဝင်ရောက်ရန်၊ မီဒီယာတောင်းဆိုမှုများ (သို့) DPS စာအုပ်စာတမ်းများကို တုန့်ပြန်မှုပေးရန်။

communications.dpsk12.org

၇၂၀-၄၂၃-၃၄၁၄

### တာဝန်ခံမှု၊ သုတေသနနှင့် အကဲဖြတ်မှု

အကဲဖြတ်စစ်ဆေးခြင်းများ၊ စစ်တမ်းရလဒ်များနှင့် ကျောင်းစွမ်းဆောင်ချက်မူဘောင်နှင့် ပတ်သက်သောမေးခွန်းများ (SPF)။

are.dpsk12.org

၇၂၀-၄၂၃-၃၇၃၆

### DISCOVERY LINK

ကျောင်းချိန်မတိုင်မီ နှင့်ကျောင်းချိန်အပြီး (သို့) အဖွဲ့အစည်းအစီအစဉ်များ နှင့် ပတ်သက်သောမေးခွန်းများ။

discoverylink.dpsk12.org

၇၂၀-၄၂၃-၁၇၈၁

### ပြေးခုန်ပစ်

အားကစားအချိန်ဇယားများနှင့် သတင်း။

athletics.dpsk12.org

၇၂၀-၄၂၃-၄၂၄၀

### DPS ဖောင်ဒေးရှင်း

လှူဒါန်းရန် (သို့) DPS ရန်ပုံငွေမိတ်ဖက်ကို မည်သို့ပံ့ပိုးရမည်နှင့် ပတ်သက်သော မေးခွန်းများ

dpsfoundation.org

၇၂၀-၄၂၃-၃၅၃၃

### ပညာရေးဘုတ်အဖွဲ့

ဘုတ်အဖွဲ့ စာရွက်စာတမ်းများကိုကြည့်ခြင်းနှင့် ဘုတ်အဖွဲ့အစည်းအဝေးများကို ကြည့်ရှုရန် (သို့) တက်ရောက်ရန် မည်သို့လုပ်ရမည်ကို လေ့လာသည်။

board.dpsk12.org

၇၂၀-၄၂၃-၃၂၁၀

### ကနဦးအဆင့် ကလေးငယ် ပညာရေး (ECE)

အသက် ၃ နှစ်နှင့် ၄ နှစ်၊ နှင့် မူကြိုအတွက် ကနဦးအဆင့်ပညာရေးရွေးချယ်မှုများကို လေ့လာရန်။

earlyeducation.dpsk12.org

၇၂၀-၄၂၃-၂၆၇၈

### အလုပ်အကိုင်နှင့် ကောလိပ်အောင်မြင်မှု

ကျောင်းသား၏ အနာဂတ်ပန်းတိုင်များအတွက် မိသားစုများနှင့် ကျောင်းသားများ မည်သို့ပြင်ဆင်ရမည်ကိုလေ့လာပါ။

collegeandcareer.dpsk12.org

၇၂၀-၄၂၃-၁၂၄၀

### အင်္ဂလိပ်ဘာသာစကား တတ်မြောက်မှု ဝန်ဆောင်မှုများ

အင်္ဂလိပ်ဘာသာစကား တတ်မြောက်မှုအစီအစဉ်များ၊ ဝင်လာနေထိုင်ခြင်းအခွင့်အရေးများ၊ စင်တာအသစ်များ၊ ဘာသာစကား နှစ်မျိုး တတ်ကျွမ်းမှုဆုနှင့် ELA မိဘအကြံပေး ကော်မီတီများတွင် မည်သို့ပါဝင်နိုင်ရန်အတွက် ဝန်ဆောင်မှုများ

ela.dpsk12.org

၇၂၀-၄၂၃-၂၀၄၀

### စာရင်းသွင်းမှု ဝန်ဆောင်မှုများ

သင့်ကျောင်းရွေးချယ်မှုအတွက် မည်သို့ရှာဖွေ၊ လျှောက်ထားရန် နှင့် စာရင်းသွင်းရန်နှင့် ပတ်သက်သော အချက်အလက်များ။

schoolchoice.dpsk12.org

၇၂၀-၄၂၃-၃၄၉၃

### အစားအစာနှင့် အာဟာရဝန်ဆောင်မှုများ

နံနက်စာနှင့် နေ့လည်စာမီနူးများ၊ အွန်လိုင်းတွင်အစားအသောက်ငွေချေရန်၊ ကျန်းမာရေးနှင့် ကျန်းမာခြင်း အရင်းအမြစ်များ။

foodservices.dpsk12.org

၇၂၀-၄၂၃-၅၆၀၀

### ကျောင်းရှာသည့်အရာ

သင့်ရပ်ကွက်ကျောင်းကိုရှာရန်၊ အစီအစဉ် (သို့) စိတ်ဝင်စားမှုအလိုက် ကျောင်းတစ်ကျောင်းကိုရှာရန် (သို့) Denver တစ်ပှမ်းတွင်ကျောင်းများကို စူးစမ်းလေ့လာရန်။

schoolfinder.dpsk12.org

၇၂၀-၄၂၃-၃၄၉၃

### ကျောင်းသား စာနာထောက်ထားမှုနှင့် အခွင့်အရေး

လူမှုရေး စိတ်ခံစားမှုဆိုင်ရာပံ့မှုများ၊ ကျောင်းသူနာပြု၊ အထူးပညာရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအလုပ်ဝန်ဆောင်မှုများ၊ ပါရမီရှိမှု၊ ၅၀၄ နေရာထိုင်ခင်းများ၊ ဖက်ဒရယ်ခေါင်းစဉ်အစီအစဉ်၊ Medicaid စာရင်းသွင်းမှုနှင့် ကျောင်းကျန်းမာရေး အစီအစဉ်များအတွက် အချက်အလက်များ။

studentequity.dpsk12.org

၇၂၀-၄၂၃-၃၄၃၇

### ကျောင်းသားမှတ်တမ်းများ

ကျောင်းသားမှတ်တမ်းများနှင့် စာကူးရေးခြင်းများကိုတောင်းဆိုခြင်း

denverco.scriborder.com

၇၂၀-၄၂၃-၃၅၅၂

### ကြီးကြပ်သူ၏ ရုံးခန်း

ကြီးကြပ်သူနှင့်ဆက်သွယ်ရန် (သို့) ပိုမိုသိရှိအောင်လေ့လာရန်

www.dpsk12.org/about-dps/dps-leadership

၇၂၀-၄၂၃-၃၃၀၀

### ဘာသာပြန်ဆိုမှုနှင့် စကားပြန်ဆိုမှုဝန်ဆောင်မှုများ

ဘာသာစကားမျိုးစုံ ပြောသောမိဘနှင့် မိသားစုများအတွက် ဘာသာပြန်ဆိုမှု (စာဖြင့်) စကားပြန်ဆိုမှု (နှုတ်ဖြင့်) လုပ်ဆောင်ပေးသည်။ ထိုဝန်ဆောင်မှုများကိုတောင်းဆိုရန် သင့်ကျောင်းကိုဆက်သွယ်ပါ။

dpsk12.org/communications/language-services

၇၂၀-၄၂၃-၃၇၆၇

### ကြိုပို့ဝန်ဆောင်မှု

အရည်အချင်းပြည့်မီမှု၊ မူဝါဒများ၊ လမ်းကြောင်းများ နှင့် ကျောင်းကြိုပို့ဝန်ဆောင်မှုနှင့် ပတ်သက်သော အရင်းအမြစ်များ။

transportation.dpsk12.org

၇၂၀-၄၂၃-၄၆၀၀

### DPS တွင်စေတနာ့ဝန်ထမ်းခြင်း

စေတနာ့ဝန်ထမ်းခြင်းမည်သို့စတင်မည်၊ DPS သို့မည်သို့လှူဒါန်းမည် နှင့်ရနိုင်သော အခွင့်အလမ်းများကိုစူးစမ်းသိရှိရန် လေ့လာပါ။

volunteerservices.dpsk12.org

၇၂၀-၄၂၃-၃၀၀၂

### DPS အတွက်အလုပ်လုပ်ရန်

DPS အဖွဲ့သို့ဆက်သွယ်ပြီး သင့်အလုပ်အကိုင်ပြောင်းလဲမှုကို မည်သို့လုပ်နိုင်သည်ကို ပိုမိုသိရှိရန် လေ့လာပါ။

careers.dpsk12.org

၇၂၀-၄၂၃-၃၂၀၀

DENVER PUBLIC SCHOOLS

[illegible] | dpsk12.org
1860 Lincoln St., Denver, CO 80203
info@dpsk12.org